ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 13 June 2019 ၉၆၇၉

**မကောင်းမှုကို ရှောင်ကြဉ်**

**အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလောသေစေတတ်သောအဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် တိုက်တွန်း

## ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

**ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။**

နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ဦးဆောင်ကျင်းပသည့် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲဖြစ်ပါကြောင်း၊ အဆိုပါ နှီးနှောဖလှယ်ပွဲကို နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး "အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှုကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံ သောက်သုံးခြင်းနှင့် နောက်ဆက်တွဲ အန္တရာယ်များ လျော့ချရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ကျောင်းသားကျောင်းသူများတွင် ဂိမ်းအလွန်အကျွံစွဲလမ်းမှု ပပျောက်ရေး" လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးသွားကြမည်ဟု သိရပါကြောင်း။

နှီးနှောဖလှယ်ပွဲ၏ ရလဒ်အနေဖြင့် တစ်နိုင်ငံလုံးရှိ ကျောင်းများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။



# ကြေးမုံ

## မြစ်ချောင်းများရှင်သန်မှ ဂေဟစနစ်ဖွံ့ဖြိုး

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်ဖြစ်သည့် မြစ်၊ ချောင်းများ ပေါများသည့် နိုင်ငံဖြစ်သည်။ မြစ်ချောင်းများ၏ရေပြင်သည် မြန်မာပြည်အထက်ပိုင်းတွင် သန့်ရှင်းကြည်လင်နေသည်။ မြန်မာပြည်အောက်ပိုင်း မြစ်ဝများသို့ရောက်လျှင် နုန်းအနည်တို့ကျသဖြင့် မြစ်ရေသည်နောက်လေ့ရှိသည်။ မြန်မာနိုင်ငံရှိ မြစ်ချောင်းများသည် စီးဆင်းရာလမ်းကြောင်းတစ်လျှောက် သန့်ရှင်းကြည်လင်သဖြင့် ထိုရေကိုလူသတ္တဝါများ အသုံးပြုကာ ရှင်သန်ရပ်တည်နေကြသည်။

ထို့ကြောင့် မြစ်ချောင်းများသည် လူသတ္တဝါတို့၏ မှီခိုအားထားရာဖြစ်သည်။ သတ္တဝါမျိုးစိတ်မြောက်မြားစွာတို့ အသက်ရှင်နေထိုင်ကြသည်။ မြစ်ချောင်းများ တိမ်ကောပျက်စီးပါက လူတို့မှီခိုအားထားရမှု လျော့ပါးလာပြီး ရေနေသတ္တဝါတို့၏ဘဝများလည်း ပျက်စီးလာမည်။ ယခုအခါ မြန်မာပြည်အထက်ပိုင်းရှိ အချို့မြစ်ရိုး၊ ချောင်းရိုးများကို ကြည့်မည်ဆိုလျှင် မြစ်ရေ၊ ချောင်းရေများ နောက်ကျိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အကြောင်းမှာ သဘာဝပတ်ဝန်းကျင်ကို လူတို့ ဖျက်ဆီးမှုကြောင့် မြစ်ချောင်းများ ပျက်စီးလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံအထက်ပိုင်းရှိ မြစ်၊ ချောင်းရေတို့သည် သန့်ရှင်းကြည်လင်နေသဖြင့် သုံးရေ၊ စိုက်ရေတို့သာမက သောက်သုံးရေအတွက်ပါ ပြည်သူများ အသုံးပြုခဲ့ကြသည်။ အသုံးပြုနေဆဲဖြစ်သည်။ ထိုသို့ အသုံးဝင်နေသည်ကို လူတို့ကပင် ဖျက်ဆီးနေကြသည်ကို မြင်တွေ့ကြားသိနေရသည်။ လူတို့စားသုံးရန်အတွက် မြစ်၊ ချောင်းများအတွင်းရှိ ရေနေသတ္တဝါတို့ကို မလျော်ကန်သောနည်းလမ်းဖြင့် ဖမ်းဆီးခြင်း၊ မြစ်၊ ချောင်းများအနီးပတ်ဝန်းကျင်ရှိတော၊ တောင်၊ ရေ၊ မြေတို့ကို မလျော်ကန်သောနည်းလမ်းဖြင့် ဖျက်ဆီးခြင်းတို့ကြောင့် မြစ်၊ ချောင်းများ ပျက်စီးလာခြင်းဖြစ်သည်။

မြစ်၊ ချောင်းများအတွင်းရှိ ငါးမျိုးစိတ်များကို ဆေးချ၍ဖမ်းဆီးခြင်း၊ ငါးမိုင်းထောင်ခြင်း၊ ပြဒါးဖြင့် ငါးဖမ်းခြင်း၊ ပြဒါးတစ်မျိုးဖြစ်သော အာစင်းနစ်ဓာတ်ဖြစ်သည့် စိန်ဓာတ်ချ၍ဖမ်းခြင်းတို့ကြောင့် မြစ်ချောင်းများ အဆိပ်သင့်မှုကို ဖြစ်စေသည်။ ထို့အပြင် ဓာတ်သတ္တုရှာဖွေတူးဖော်ရာ၌ မိုင်းခွဲခြင်း၊ ဓာတုဗေဒပစ္စည်းများနှင့် မျှောတိုက်ခြင်း၊ ဖြုန်းမြေစာများ စွန့်ထုတ်ခြင်းတို့ကြောင့် မြစ်၊ ချောင်းရေများ ညစ်ညမ်းမှု၊ နောက်ကျိမှုများ ဖြစ်စေသည့်အပြင် စက်မှုလုပ်ငန်းများနှင့် လူမှုလုပ်ငန်းများမှ စွန့်ပစ်သော ရေဆိုးများ၊ အညစ်အကြေးအမှိုက်သရိုက်များကြောင့်လည်း မြစ်၊ ချောင်းများ ပျက်စီးခြင်းကိုဖြစ်စေပါသည်။


ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ၂၀၁၃ ခုနှစ်မှ ယခုနှစ် မတ်လအထိ ဇီဝမျိုးစုံ၊ မျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြင့် ကွင်းဆင်းစစ်ဆေး သုတေသနပြုဆောင်ရွက်ချက်အရ ရေနေသတ္တဝါမျိုးစိတ်များကို လက်ရှိအနေအထားတွင် အထူးကြပ်မတ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးထားသည်။ မြစ်၊ ချောင်းများ ညစ်ညမ်းပျက်စီးမှု မဖြစ်စေရေးအတွက် အဆိုပါမလျော်ကန်သည့် လုပ်ဆောင်မှုများကို ရပ်တန့်ရေး၊ တားဆီးရေးတို့ကို အလေးထားပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သတ္တဝါများ ဂေဟစနစ်မပျက်စီးရေးတွင် ကုန်းနေမျိုးစိတ်များ မပျက်စီးရေးသာမက ရေနေသတ္တဝါမျိုးစိတ်များကိုလည်း လျှပ်စစ်ရှော့တိုက်ဖမ်းဆီးခြင်း၊ အဆိပ်ချဖမ်းဆီးခြင်း၊ မိုင်းခွဲဖမ်းဆီးခြင်းနှင့် ဓာတ်သတ္တုရှာဖွေရေးနှင့် စက်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို အလေးထားကာကွယ်တားဆီးခြင်းဖြင့် မြစ်၊ ချောင်းများ ရှင်သန်ဖြစ်ထွန်းပြီး ဂေဟစနစ်မပျက်စီးသဖြင့် လူသတ္တဝါများ ရှင်သန်ဖွံ့ဖြိုးရေးကို များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း။ ။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်




စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( တာချီလိတ်မြို့ )

၂၀၁၉ ခုနှစ် ၊ ဇွန်လ (၂၅၊ ၂၆ )ရက်၊ (အင်္ဂါ ၊ ဗုဒ္ဓဟူး)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ရောက်လေ့လာနိုင်ပါသည်။

အခြေခံပညာအထက်တန်းကျောင်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့။


### မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းနှင့် ရွှေနံ့သာအိမ်ရာစီမံကိန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရွှေနံ့သာအိမ်ရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းလိုအပ်ချက်များ မှာကြား**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က အငှားအိမ်ရာစီမံကိန်းဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် မြို့ပြ/လျှပ်စစ်/ ရေသန့်နှင့်အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ၁၂ ခန်းတွဲ ငါးထပ်အဆောက်အအုံ ဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ အထူးအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းသည် ဧရိယာအားဖြင့် ဧက ၁၀၀ ခန့်ရှိပြီး Master Plan အရ ၃၃ ဒသမ ၂၉၈ ဧကတွင် ၁၂ ခန်းတွဲ ငါးထပ်အဆောက်အအုံ ခုနစ်လုံး ယူနစ် ၄၂၀၊ လေးခန်းတွဲ လေးထပ်အဆောက်အအုံ(လေးဖက်လှ) ၁၂ လုံး ၁၉၂ ယူနစ်၊ လေးခန်းတွဲလေးထပ်အဆောက်အအုံ(အတန်းလိုက်) ၁၂ လုံး ၁၉၂ ယူနစ် စုစုပေါင်း ၃၁ လုံး ၈၀၄ ယူနစ် တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေနံ့သာအိမ်ရာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဆောင်ရွက်လျက်ရှိ**

ယခုအခါ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၁၂ ခန်းတွဲ ငါးထပ်အဆောက်အအုံ ငါးလုံး တည်ဆောက်ခြင်း၊ Earth Cutting & Filling Work ဆောင်ရွက်ခြင်း၊ ၂၄ ပေအကျယ် ၁၀ လက်မဒုနှင့် ၄၈ ပေအကျယ် ၁၀ လက်မဒု ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပူတာအိုဌ် "လူငယ်တွေအတွက် အောင်မြင်မှုအတွေးစကား" စာအုပ် စာဖတ်ဝိုင်းကျင်းပ

**ပူတာအို ဇွန် ၁၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသော စာရေးဆရာအကြီးကိုကို(ကသာ) ရေးသားသော "လူငယ်တွေအတွက် အောင်မြင်မှုအတွေးစကား" စာအုပ်စာဖတ်ဝိုင်းကို ဇွန် ၁၂ ရက် မွန်းတည့် ၁၂ နာရီက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းယုမော်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်သို့ လာရောက်၍ စာအုပ်ငှားရမ်းသော ကျောင်းသား ကျောင်းသူများသည် စာကြည့်တိုက်သို့မလာရောက်သည့်ကျောင်းသား ကျောင်းသူများထက် ထူးချွန်ထက်မြက်အောင် ကြိုးစားသွားကြရန် ပြောကြားပြီး ဒုတိယဦးစီးမှူး ဦးစိုးမိုးနိုင်က စာဖတ်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက စာရေးဆရာအကြီးကိုကို(ကသာ)ရေးသားသော လူငယ်တွေအတွက် အောင်မြင်မှုအတွေးစကား စာအုပ်မှ "လူငယ်တွေ မအောင်မြင်ရခြင်းအကြောင်းရင်း၊ အဆိပ်စစ်စစ်ဖြစ်သည်၊ ငယ်တုန်းမှာကျွန်ခံပေးပါ" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ စာဖတ်ဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များက ဆွေးနွေးချက်များအပေါ် အပြန်အလှန်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်(ရွှေဈေး) ၁၀၇၃၅၀၀ - ၁၀၇၃၅၀၀ မန္တလေး(ရွှေဈေး) ၁၀၇၃၅၀၀ - ၁၀၇၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၉၃၀ ကျပ် | ၉၄၅/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၀၅ ကျပ် | ၉၄၀/၉၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၃၅ ကျပ် | ၈၇၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၅/၉၄၀ ကျပ် | ၉၆၀/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၅/၇၅၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၂.၂ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၇.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁.၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၀၇၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၃၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၁၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၅.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၅၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၅.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၃.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

တက္ကသိုလ်များတွင် လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်သူများအားလုံး၊ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်သွားကြမည်ဟု မျှော်လင့်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်အောက် ဆယ်ကျော်သက်အရေအတွက် ၁၄ ဒသမ ၄ သန်းရှိပြီး ၁၅ နှစ်မှ ၂၄ နှစ်အကြားရှိ လူငယ်အရေအတွက် ကိုးသန်းရှိသည့်အတွက်ကြောင့် ဆယ်ကျော်သက် လူငယ်အရေအတွက်သည် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းရှိပါကြောင်း၊ ယခုနှစ်အတွက် ခန့်မှန်းချက်သည် အသက် ၁၅ နှစ်အောက် ၁၅ ဒသမ ဝ၆ သန်း၊ ၁၅ နှစ်မှ ၂၄ နှစ်ကြား ၉ ဒသမ ၄၁ သန်းရှိသည့်အတွက် ဆယ်ကျော်သက်လူငယ်အရေအတွက် ၄၅ ရာခိုင်နှုန်းရှိကြောင်း။

**ပညာသင်ကြားလျက်ရှိ**

၂၀၁၈ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်းတွင် အခြေခံပညာကျောင်းပေါင်း ၄၇၀၀၅ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၅၂၇ ကျောင်းနှင့် အခြေခံပညာကျောင်းသား ကျောင်းသူပေါင်း ၉၁၄၄၄၆၉ ဦး၊ ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူပေါင်း ၃၀၉၉၃၈ ဦးရှိသည့်အပြင် ပုဂ္ဂလိကကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူဦးရေသည် လက်ရှိမြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ထို့ပြင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ အခြားဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များ၊ သင်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိပါကြောင်း။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံ၏ ကြီးမားသည့် အင်အားတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံအတွက် အရေးကြီးသည့် အနာဂတ်များလည်း ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် လုံခြုံကောင်းမွန်စွာ လေ့လာသင်ယူနိုင်သည့် အခွင့်အရေးများ၊ လုံခြုံကောင်းမွန်ပြီး ကျန်းမာရေးနှင့်ပြည့်စုံသည့် ကျောင်းပတ်ဝန်းကျင်များ၊ ကျန်းမာစွာနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်မှသာ ပြည့်စုံကောင်းမွန်သည့် အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း။

ကျောင်းသားလူငယ်များ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သည့် အခန်းကဏ္ဍကို တာဝန်ယူပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နည်းပညာများပံ့ပိုးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများပေးခြင်း စသည့် အခန်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နီးနွယ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**အထီးကျန်ခံစားနေရ**

၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် (2016) Myanmar Global School Health Survey -GSHS အရ ၁၃ နှစ်နှင့် ၁၇ နှစ်အကြား ဆယ်ကျော်သက်များတွင် အာဟာရချို့တဲ့မှုနှုန်း ၁၈ ရာခိုင်နှုန်းတွေ့ရပြီး ကိုယ်အလေးချိန်များခြင်းနှင့် အဝလွန်ခြင်း ၁၀ ရာခိုင်နှုန်းခန့် တွေ့ရှိရသည့်အတွက် အာဟာရချို့တဲ့ခြင်းနှင့် အာဟာရလွန်ကဲသည့် ပြဿနာများ (ဥပမာ-အဝလွန်ခြင်း၊ သွေးတိုး၊ ဆီးချိုနှင့် အခြားသော မကူးစက်နိုင်သောရောဂါများ) ဖြစ်ပေါ်နေသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်းအရ အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြား ဆယ်ကျော်သက်လူငယ်များ၏ ၁၈ ဒသမ ၈ ရာခိုင်နှုန်းက ပိန်လှီနေပြီး ၅ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုယ်အလေးချိန်များနေကြောင်း၊ ထို့အတူ ဆယ်ကျော်သက်အရွယ်များတွင် ၁၀ ဦးမှာ တစ်ဦးသာ ကိုယ်လက်လှုပ်ရှားမှုအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ တစ်နေ့လျှင် အနည်းဆုံး တစ်နာရီ လှုပ်ရှားမှုရှိသင့်သည့် အကြံပြုချက် ပြည့်မီသည်ကို တွေ့ရပါကြောင်း၊ ဆယ်ကျော်သက်လူငယ် ၁၀ ဦးအနက် တစ်ဦးသည် အထီးကျန်ခံစားနေရကြောင်းလည်း တွေ့ရှိရပါကြောင်း။

GSHS ကို ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ရလဒ်များကို နှိုင်းယှဉ်ကြည့်ပါက ၂၀၀၇ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ၁၀ နှစ်အတွင်း ကိုယ်လက်လှုပ်ရှားမှု လျော့နည်းလာသည်ကိုတွေ့ရပြီး ခြောက်ဦးလျှင် တစ်ဦးသည် video ကြည့်ခြင်း၊ ဂိမ်းကစားခြင်း စသည့် screen time အသုံးပြုချိန်ပိုများလာသည်ကို တွေ့လာရပါကြောင်း၊ ဆေးလိပ်သောက်သုံးခြင်းသည် ၂၀၀၇ ခုနှစ်တွင် နှစ်ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းအထိ ဖြစ်လာသည်ကို တွေ့ရပြီး ကွမ်းယာ စသည့် အငွေ့မထွက်သည့် ဆေးရွက်ကြီးသုံးစွဲမှုသည် ၂၀၀၇ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းမှ ၂၀၁၆ ခုနှစ်တွင် ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပါကြောင်း၊ အရက်သောက်သုံးခြင်းသည်လည်း ၂၀၀၇ ခုနှစ်တွင် ၁ ဒသမ ၄ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၄ ဒသမ ၃ရာခိုင်နှုန်းအထိ များလာသည်ကိုတွေ့ရကာ တစ်ဝက်ခန့်သည် အသက် ၁၄ နှစ်မတိုင်ခင် အရက်ကို စတင်သောက်သုံးသည်ကို သိရှိရပါကြောင်း။

**ပြည့်မီအောင် ဆောင်ရွက်နိုင်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသားကျောင်းသူများ၊ ပညာရေးမိသားစုများနှင့် မိဘပြည်သူများအကြား ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်မှစတင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးအဆင့်မြှင့် ကျောင်းမူဘောင်များကို အခြေခံကာ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များအဖြစ် ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ အားကစားနှင့် ကာယလုပ်ငန်း၊ ကျောင်းမှ ပြည်သူအတွင်းသို့ မူမှန်ဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊ လူမှုရေးပံ့ပိုးမှုနှင့် နှစ်သိမ့်ဆွေးနွေး အကြံပေးလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် အကောင်အထည်ဖော်လျက်ရှိသော်လည်း ၂၀၁၈ ခုနှစ် စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ် အချက်အလက်များအရ အခြေခံပညာကျောင်းများ၏ ၄၂ ရာခိုင်နှုန်းသာ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

**အလေ့အကျင့်ကောင်းများရရှိ**

ကျောင်းသား ကျောင်းသူများကို ကျန်းမာရေး အသိပညာပေးနိုင်သည့် နည်းလမ်းများသည် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှတစ်ဆင့် အသိပညာပေးခြင်း၊ "ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်"ကို စနစ်တကျ သင်ကြားပေးခြင်းနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဖြစ်သည့် သူငယ်ချင်းများ၊ လူမှုကွန်ရက်များမှ ရရှိခြင်းတို့ပင်ဖြစ်ပါကြောင်း၊ ၎င်းတို့အနက် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သည် တစ်နေ့တာ၏ အချိန်တော်တော်များများကို ကျောင်းများမှာပင် ကုန်ဆုံးရသည့် ကျောင်းသားကျောင်းသူများအတွက် အလွန်အရေးကြီးသည့် သင်ခန်းစာများဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ မိမိတို့ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ကျန်းမာပျော်ရွှင်ရေးအကြောင်း သိရှိနားလည်နေထိုင်တတ်စေရန်၊ ပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါများအကြောင်းကိုသိရှိပြီး ကြိုတင်ကာကွယ်တတ်စေရန်၊ ဘဝတစ်လျှောက်လိုအပ်သည့် အခြေခံကျွမ်းကျင်မှု အလေ့အကျင့်ကောင်းများရရှိကာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်တတ်စေရန် ရည်ရွယ်ပြီး ဘဝတွက်တာ ကျွမ်းကျင်စရာ သင်ခန်းစာများကို ၁၉၉၈ ခုနှစ်မှ စတင်ကာ တွဲဖက်သင်ရိုးဝင်ဘာသာရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ရာမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစတင်ကာ မသင်မနေရ သင်ရိုးဝင်ဘာသာအဖြစ် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသားကျောင်းသူများအတွက် သင်ကြားလျက်ရှိပါကြောင်း။

**အတန်းလိုက်သင်ကြားလျက်ရှိ**

ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်သည် နယ်ပယ်အားဖြင့် လူမှုဘဝမှာ ကျွမ်းကျင်စရာ (Social Skills)၊ ထိန်းသိမ်းအစဉ် တို့ဝန်းကျင် (Environment and Sanitation)၊ ရောဂါကင်းဝေး အာဟာရကျွေး(Disease Prevention and Nutrition)၊ ဆယ်ကျော်သက်အရွယ် သတိထားဖွယ်(Sexual and Reproductive Health and Rights)၊ သတိပြုပါ လိင်ရောဂါ (HIV/AIDS)၊ မူးယစ်အန္တရာယ်တို့ ကာကွယ် (Drug Use)၊ စိတ်ကျန်းမာရေး လေ့ကျင့်ပေး (Emotional Intelligence) များ ပါဝင်ပါကြောင်း၊ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သင်ကြားရာတွင် အသိသညာအခြေပြု (Knowledge-based) သာမက ကျွမ်းကျင်မှုအခြေပြု (Skill-based) သင်ရိုးအဖြစ် ကျောင်းသားကျောင်းသူများအကြား ပြဿနာဖြေရှင်းနိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန်နိုင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်း၊ ဆက်သွယ်နိုင်ခြင်း၊ မိမိကိုယ်ကို သိရှိနားလည်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံခြင်း၊ ကိုယ်ချင်းစာတရားထားတတ်ခြင်း၊ စိတ်လှုပ်ရှားမှုနှင့် စိတ်ဖိစီးမှုကို ထိန်းချုပ်တတ်ခြင်း စသည့် ကျွမ်းကျင်မှုများရရှိနိုင်ရန် အဆင့်ဆင့် အတန်းလိုက်သင်ကြားလျက်ရှိပါကြောင်း။

**အားနည်းလျက်ရှိသေး**

သို့သော်လည်း အခြေခံပညာကျောင်းများတွင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သင်ကြားမှုသည် ဝန်ထမ်းနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများ လိုအပ်ချက်၊ ဆရာ ဆရာမများ၊ မိဘပြည်သူများ၏ စိတ်ပါဝင်စားမှု မမြင့်မားခြင်းတို့ကြောင့် အားနည်းလျက်ရှိသေးသည်ကို တွေ့ရှိရပါကြောင်း။

Comprehensive Sexuality Education ဆိုသည်မှာ လူ့အခွင့်အရေး အခြေခံသဘောတရားများ၊ ကျား/မရေးရာ (Gender)သာတူညီမျှရှိခြင်းများကို အသက်အရွယ်၊ ဖွံ့ဖြိုးမှုနှင့်လျော်ညီသည့် ပညာပေးခြင်းဖြစ်ပါကြောင်း၊ မိသားစု၊ သူငယ်ချင်း၊ ချစ်သူဆက်ဆံရေးများ၊ တန်ဖိုးထားမှု၊ အခွင့်အရေး၊ ယဉ်ကျေးမှု၊ ကျား/မရေးရာ၊ အကြမ်းဖက်မှုနှင့် လုံခြုံမှု၊ နေကောင်းကျန်းမာနိုင်ရန် မိမိကိုယ်ကို ဂရုစိုက်မှုများ၊ ယောက်ျားလေးများ၊ မိန်းကလေးများ၏ ကိုယ်ခန္ဓာတည်ဆောက်ပုံ၊ အစိတ်အပိုင်းများနှင့် ၎င်းတို့အဆင့်ဆင့် ကြီးထွားဖွံ့ဖြိုးလာပုံ၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပြုအမူများပါဝင်ပြီး ဘဝအတွက် ဆုံးဖြတ်ချက်၊ အထူးသဖြင့် မျိုးဆက်ပွားမှုဆိုင်ရာကိစ္စရပ်များကို ဆုံးဖြတ်ချက်ချရာတွင် ဖြစ်လာနိုင်သည့် အကျိုးဆက်၊ ကောင်းကျိုးဆိုးကျိုးများကို သေချာသိရှိပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထိခိုက်စေခြင်း မရှိစေဘဲ မိမိဘဝ ကျန်းမာပျော်ရွှင်စေမည့် ဆုံးဖြတ်ချက်များကို ကောင်းမွန်စွာ ချနိုင်ရန် ဖြစ်ပါကြောင်း။ **စာမျက်နှာ ၄ သို့** ☆




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးများ၊ နီးနှောဖလှယ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟောပြောပို့ချမည့် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၃ မှ

လေ့လာကြည့်မည်ဆိုပါက ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများသည် အကုန်အကျ သက်သက်သာသာနှင့် အကျိုးသက်ရောက်မှုအများဆုံး ကျန်းမာရေးလုပ်ငန်းများဖြစ်သည့်အပြင် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုနှင့် ကျောင်းတက်မှန်မှုကိုလည်း များစွာအထောက်အကူ ဖြစ်စေပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်းနှင့် အောင်မြင်မှုရရှိနိုင်မည်မဟုတ်ပါကြောင်း၊ အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်ပါဝင်မှု၊ မိဘပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ပါဝင်စားစွာလှုပ်ရှားမှု၊ အခြားနီးနွယ်ဌာနများ၏ ပူးပေါင်းကူညီမှုများ၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ဝိုင်းဝန်းပံ့ပိုးမှု၊ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထောက်ပံ့ပေးမှုများသည် ကျောင်းကျန်းမာရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း။

**လူငယ်များအားလုံးပါဝင်**

မြန်မာနိုင်ငံတွင် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ယခုအခါ မဟာဗျူဟာများ ဆက်လက်ရေးဆွဲကာ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေဘဲ အားလုံးပါဝင်စေ (No one left behind, inclusiveness) ဆိုသည့် သဘောတရားများအတိုင်း ဆယ်ကျော်သက် (မသန်စွမ်း၊ အစွန်အဖျားနေ၊ ကျောင်းပြင်ပစသည်ဖြင့်) လူငယ်များအားလုံးပါဝင်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားရန်လည်း လိုပါကြောင်း၊ ဥပမာ- ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ကျောင်းနှင့် တက္ကသိုလ်များ၌ ဆေးလိပ်သောက်ခွင့် မရှိသည့်အပြင် ကျောင်းပရဝဏ်အတွင်းနှင့် ကျောင်းပရဝဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းမပြုရ၊ အသက် ၁၈ နှစ်မပြည့်သေးသည့်သူကို ဆေးလိပ်ရောင်းချခြင်း (သို့မဟုတ်) ပေးကမ်းခြင်းမပြုရဟု ပါရှိသော်လည်း အရေးယူခြင်း အားနည်းနေပါကြောင်း။

**ပြင်ဆင်ဆောင်ရွက်**

အရေးကြီးသည့် အချက်တစ်ချက်အနေဖြင့် ကျောင်းသား ကျောင်းသူများသည် ဆယ်ကျော်သက် လူငယ်များဖြစ်သည့်အတွက် သမားရိုးကျပုံစံများထက် ဆန်းသစ်သည့် နည်းပညာအသစ်အဆန်းများကို ပိုမိုအားသန်သည့်အတွက် သင်ကြားပို့ချပေးရာတွင် ထိရောက်နိုင်မည့် နည်းလမ်းများကို ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆယ်ကျော်သက် လူငယ်များအတွက် ဆယ်ကျော်သက်လူငယ်များ ကိုယ်တိုင်ပါဝင်သည့် သုတေသနစစ်တမ်းများကို ဆောင်ရွက်ပြီး ၎င်းတို့အတွက် ရေရှည်တည်တံ့မည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် အထူးစဉ်းစားရမည်ဖြစ်ပါကြောင်း။

**ကူညီရိုင်းပင်းစိတ်များ တိုးတက်လာ**

ကျောင်းသားလူငယ်များ၏ ကိုယ်လက်လှုပ်ရှားမှု တိုးတက်လာစေရန်အတွက် ကျောင်းသင်ရိုးညွှန်းတမ်းပါ ကာယပညာ (Physical Education) အချိန်များတွင် ကျောင်းသား ကျောင်းသူအားလုံး တက်ကြွစွာ ကိုယ်လက်လှုပ်ရှားအားကစားခြင်းနှင့် ကျောင်းတွင်း အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ကိုယ်ကာယကြံ့ခိုင်လာနိုင်သည့်အပြင် ဂိမ်းအလွန်အကျွံစွဲလမ်းမှုများ လျော့နည်းသွားနိုင်ပြီး အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် ကူညီရိုင်းပင်းစိတ်များ တိုးတက်လာမည်ဖြစ်ပါကြောင်း။

**မိမိတို့ကိုယ်တိုင် ကြိုးစားဆောင်ရွက်**

ကျောင်းကျန်းမာရေး လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အလုပ်တာဝန်များဟုသာ အများစုက သဘောပေါက်နားလည်ကြပါကြောင်း၊ အမှန်တွင် ကျောင်းသားလူငယ်များ၊ ဆရာ ဆရာမများ၊ မိဘများအားလုံးက မိမိတို့၏ကျန်းမာရေးအဆင့်အတန်းတိုးမြှင့်စေရန် မိမိတို့ကိုယ်တိုင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ခန့်အပ်တာဝန်ပေး**

ကျောင်းကျန်းမာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်မှ တာဝန်ယူဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများက မိမိတို့သက်ဆိုင်ရာကျောင်းများသို့ သွားရောက်ပြီး ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သန်ချဆေးတိုက်ကျွေးခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ဆောင်ရွက်ကြပါကြောင်း၊ ထိုသို့ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အခြေခံအင်အားများဖြစ်သည့် လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားများ လုံလောက်မှုမရှိသည့်အတွက် အကျိုးရှိသင့်သလောက်မရှိဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းသားလူငယ်များ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံများ သတ်သတ်မှတ်မှတ်ထားရှိပြီး ကျောင်းများတွင် ကျောင်းကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရေးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန် လိုအပ်သည်ဆိုသည်ကို တွေ့ရှိရပါကြောင်း။

**နိုင်ငံတော်အဆင့် မူဝါဒများချမှတ်**

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ အဖိုးတန်သည့် လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ တိကျသော၊ ပြည့်စုံသော နိုင်ငံတော်အဆင့် မူဝါဒများ ချမှတ်ပြီး ဆောင်ရွက်ကြရန် လိုအပ်နေသေးသည်ဟု ပြောလိုပါကြောင်း။

ယခုကျင်းပပြုလုပ်သည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲမှတစ်ဆင့် ကိုယ်စိတ်ကျန်းမာ လူငယ်ဘဝ၊ အနာဂတ်တောက်ပ နိုင်ငံ့အလှ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် လုပ်ကိုင်သွားကြရန် တိုက်တွန်းလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးများ၊ နီးနှောဖလှယ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟောပြောပို့ချမည့် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးများ၊ နီးနှောဖလှယ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟောပြောပို့ချမည့် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များ၊ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျန်းမာရေးအဆင့်မြှင့်ကျောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းကြောင့် ဖြစ်ပွားတတ်သော နောက်ဆက်တွဲ အန္တရာယ်များ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုလျော့ကျရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျောင်းသား ကျောင်းသူများ ဂိမ်းအလွန်အကျွံစွဲလမ်းမှု ပပျောက်ရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

## ပြည်ပဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ စေလွှတ်သော ပညာတော်သင် ရဟန်း သံဃာများအနေဖြင့် ပြည်ပရေးရာအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်

**ရန်ကုန် ဇွန် ၁၂**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်တွင်း၌သာမက ပြည်ပသို့တိုင် ပြန့်ပွားစေရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပြည်ပသာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်၏ လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့သည်။

ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒဗုဒ္ဓသာသနာပြုသံဃာတော်များအနေဖြင့် ပြည်ပရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီလိုအပ်လာပါက ပြည်ပရေးရာအဖွဲ့၏ Webiste ဖြစ်သည့် www.mahana.org.mm(မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်)၊ gmail ဖြစ်သည့် tharwi 2016@gmail.com နှင့် ဒေါ်မိုးမိုးစန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်ပရေးရာအဖွဲ့ ဖုန်း-၀၉-၂၅၅၉၈၀၈၅၇၊ ၀၉-၇၃၁၃၂၃၀၂၊ ပြည်ပရေးရာရုံးအဖွဲ့ ၀၁-၆၆၁၇၄၆ (ဖုန်း၊ ဖက်စ်)တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံမှ သိရသည်။

**ကြေးမုံ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တီမောလက်စ်တေ နှစ်နိုင်ငံအကြား ဆက် ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့် တီမောလက်စ်တေနိုင်ငံ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီး Mr. Joao Freitas de Camara နှင့် တီမောလက်စ်တေ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares နှင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ နောက်ဆုံးပြည်တွင်းဖြစ်ပေါ်တိုးတက်မှုကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တီမောလက်စ်တေနိုင်ငံ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Hilton ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

**လက်ခံတွေ့ဆုံ**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares အား လက်ခံတွေ့ဆုံစဉ်။**



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

# မြန်မာ-တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မတီ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ-တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မတီ ပဉ္စမအကြိမ် အစည်းအဝေး (5th Myanmar-China Joint Committee Meeting on Economics, Trade and Technical Cooperation)ကို ယနေ့နံနက် ၈ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒေါက်တာ စိုးဝင်းနှင့် သက်ဆိုင်ရာဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Assistant Minister Mr. Li Chenggang နှင့် အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် Mr. Li Chenggang တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသူများက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ထောင်ခြင်းဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် တရုတ်ယွမ်ငွေ(RMB) အသုံးပြုရန်ကိစ္စ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဦးစားပေး ဝယ်သူ့ချေးငွေနှင့် သက်သာသောချေးငွေတို့ကို အသုံးပြုရေးကိစ္စ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့် စပ်လျဉ်း၍ အကျိုးရလဒ်များရရှိစေရန် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ် ဖွံ့ဖြိုးမှုအစီအစဉ်ကို ပူးတွဲအကောင်အထည်ဖော်ခြင်းဆိုင်ရာကိစ္စ၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်း၊ ရထားလမ်း၊ အမြန်လမ်း၊ နိုင်ငံဖြတ်ကျော် ဓာတ်အားလိုင်းနှင့် အခြားပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ မြန်မာ-တရုတ် နယ်စပ်ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ခြင်းနှင့် တည်နေရာသတ်မှတ်ခြင်းကိစ္စ၊ နှစ်နိုင်ငံအကြား အစားထိုးသီးနှံစိုက်ပျိုးမှုတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ မြန်မာ-တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေး ကျင်းပခြင်းဆိုင်ရာ ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ပုဂံဒေသရှိ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေး စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ သဘောတူညီချက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်မည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်း အကောင်အထည်ဖော်ရေး သဘောတူညီချက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် အမျိုးသားအားကစားရုံ ပြင်ဆင်မွမ်းမံသည့်လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေး နောက်ဆက်တွဲ သဘောတူညီချက်များကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပဉ္စမအကြိမ်မြောက်ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် မြန်မာနိုင်ငံ၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံ၌လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌လည်းကောင်း အလှည့်ကျကျင်းပခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ကျင်းပ



**ကူမင်း ဇွန် ၁၂**

၂၀၁၉ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တျန်းချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံအပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံအလိုက်ကိုယ်စားလှယ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတကာအဖွဲ့အစည်း တာဝန်ခံများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ပညာရှင်များနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေသတွင်းမီဒီယာများ၊ တောင်အာရှနှင့် အရှေ့တောင်အာရှမှ သတင်းဌာန တာဝန်ရှိသူများနှင့် သတင်းမီဒီယာသမားများ သတင်းရယူခဲ့ကြသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်း ၆၆ ခန်း ပါဝင်ပြသပြီး စိုက်ပျိုးရေးထွက်ကုန်၊ သစ်သီးဝလံ၊ တိုင်းရင်းဆေး၊ ကော်ဖီ၊ ဘီယာ၊ စီးကရက်၊ ပရိဘောဂ၊ ကြိမ်ထည်နှင့် ကျောက်မျက်ရတနာများ ပါဝင်ပြသကာ ဝ၃ လွှာခြောက်၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ရေထွက်ပစ္စည်းစသည့် မြန်မာ့ထွက်ကုန်များကို တရုတ်ကုမ္ပဏီများက ဝယ်ယူရန် MoU လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-

**ဦးလှဝေ**
**ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ကျွန်တော်တို့အနေနဲ့ ၁၉၉၈ ခုနှစ်ကနေ ယနေ့အထိ နှစ်စဉ်ပါဝင်ပြသပါတယ်။ မြန်မာ့ထွက်ကုန်တွေကို ယူနန်ပြည်နယ်မှာ ဈေးကွက်ချဲ့ထွင်ဖို့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ နှစ်စဉ် လာရောက်ပြသမှုမှာ ကျောက်မျက်က အများဆုံးဖြစ်ပါတယ်။ အခုနှစ်မှာ ကျောက်မျက်အပြင် စိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့ ဆန်စပါး၊ ပဲ၊ နှမ်း၊ ပြောင်း၊ သရက်သီး၊ ရေထွက်ပစ္စည်းတွေရယ်၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်လက်အောက်မှာရှိတဲ့ စက်ရုံတွေက ဘီယာနဲ့ စီးကရက်တွေရယ်ကို ပါဝင်ပြသပါတယ်။ နောက်ပြီး ပရိဘောဂပစ္စည်း၊ လက်မှုပစ္စည်းတွေ လာရောက်ပြသပါတယ်။ တိုင်းရင်းဆေးဝါးလည်း ပါပါတယ်။ နှစ်တိုင်း မှာယူမှုရှိပါတယ်။ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ဆိုရင် နှစ်တိုင်း တရုတ်ဘက်က ကုမ္ပဏီတွေနဲ့ MoU ထိုးတာ ရှိတယ်။ ပဲ၊ နှမ်းတွေပါ ရောင်းချခဲ့ပါတယ်။ ဒီနှစ်မှာလည်း သစ်သီးဝလံ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရေထွက်ပစ္စည်းတွေကနေ MoU ထိုးသွားဖို့ရှိပါတယ်။ လာရောက်ကြည့်ရှုတဲ့သူတွေက ကျောက်စိမ်း၊ စိုက်ပျိုးရေးထွက်ကုန်နဲ့ သရက်သီးတို့ကို စိတ်ဝင်စားတယ်။ အရင်နှစ်က ပြခန်း ၄၄ ခန်းပဲရှိတယ်၊ ဒီနှစ်မှာ ပြခန်း ၆၆ ခန်းဆိုတော့ ပိုများလာတယ်၊ မြန်မာကုန်သည်တွေ ၂၅၀ လောက်လာတက်တယ်။ ဒီကုန်စည်ပြပွဲကနေ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီလိုမျိုး ပြည်ပပြပွဲတွေမှာ မြန်မာနိုင်ငံက စိုက်ပျိုးရေးထွက်ကုန်တွေအပြင် SME ထွက်ကုန်တွေ ပိုပြီးပါဝင်ပြသချင်ပါတယ်။

**ဦးစိုင်းနွံ**
**ဥက္ကဋ္ဌ၊ မူဆယ်-နန့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း**

ကျွန်တော်တို့အသင်းရဲ့ညီနောင်အသင်းဖြစ်တဲ့ ဆန်ကုန်စည်ဒိုင်၊ သစ်သီးကုန်စည်ဒိုင်၊ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စတဲ့ ပြခန်း(၄)ခန်းနဲ့ မူဆယ်-နန့်ခမ်းက လာရောက်ပြသခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကထွက်ကုန်တွေကို ယူနန်ပြည်နယ်ကနေ ကုန်သည်တွေနဲ့ ချိတ်ဆက်ရဖို့၊ အချင်းအချင်းတွေ့ဖို့အတွက် လာရောက်အကျိုးဆောင်ပေးတာပါ။ သရက်သီးအနေနဲ့ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ ပါလာတယ်။ ဆန်ဆိုရင်လည်း အမျိုးပေါင်း ၂၀ ကျော်ရှိတယ်။ ပဲ၊ ပြောင်း၊ နှမ်း ဆိုရင်လည်း အမျိုး ၂၀ ကျော်ရှိတယ်။ ဒီလိုကုန်စည်ပြပွဲတွေ အမြဲတမ်းလာရောက်ပြသဖြစ်တယ်။ အရင်ကုန်စည်ပြပွဲတွေတုန်းကလည်း မှာယူမှုတွေရှိတယ်။ ယခုကုန်စည်ပြပွဲမှာ MoU ထိုးဖို့ရှိတယ်၊ သစ်သီးနဲ့ပတ်သက်လို့ အမြဲတမ်းဝယ်ယူမှုတွေ ရှိတယ်။ အဓိကကတော့ ကျွန်တော်တို့ ကုန်ပစ္စည်းတွေကို ဒီမှာ လွယ်လင့်တကူ ဝင်ထွက်ပြီးတော့ ဝယ်လို့ရအောင်၊ တောင်သူတွေအတွက်လည်း အကျိုးရှိအောင် လာရောက်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မနှစ်ကထက် ဒီနှစ်က ပိုပြီးတော့ ဝယ်အားပိုများလာတယ်။ ကျွန်တော်တို့လည်း အောက်ခြေမှာ တတ်နိုင်သလောက် ဈေးကွက်ရရှိရေးလုပ်နေသလို အထက်ကလည်း တောင်သူတွေရဲ့အခက်အခဲ၊ ကုန်သည်တွေရဲ့ အခက်အခဲတွေကို အမြဲတမ်းဖြေရှင်းပေးနေတာပါ။ ဒီထက်လည်း ပိုကောင်းအောင် လုပ်ပေးနိုင်တယ်ဆိုရင်တော့ ပြည်သူတွေအတွက်ရော၊ ကုန်သည်တွေအတွက်ရော၊ တောင်သူတွေအတွက်ရော အဆင်ပြေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**ဒေါ်နန်းမိုင်**
**လှပျိုဖြူ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းပိုင်ရှင်**

နှစ်စဉ်နှစ်တိုင်း ဒီလိုကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံကလည်း ပါဝင်ပြသတဲ့အတွက် ကျွန်မတို့ လှပျိုဖြူတိုင်းရင်းဆေးကနေ တိုင်းရင်းဆေးတွေကို ပြည်တွင်းအပြင် အိမ်နီးနားချင်းဖြစ်တဲ့ တရုတ်နိုင်ငံကို ထိုးဖောက်ပြီး ရောင်းချင်တဲ့အတွက် လာရောက်ပြသခြင်းဖြစ်ပါတယ်။ အဓိကတော့ အရိုးကျိုးပေါင်းနဲ့ပတ်သက်တဲ့ဆေးကို ရောင်းချခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံက အေးတဲ့ဒေသဖြစ်တော့ အရိုးကျိုးပေါင်းလိမ်းဆေးရယ်၊ ဂျင်းဒဏ်ကျေလိမ်းဆေးရယ်စတဲ့ လိမ်းဆေးတွေနဲ့ပတ်သက်ပြီး အဓိကလာရောက်ပြသခြင်းဖြစ်ပါတယ်။ ထုတ်ကုန်သစ်အနေနဲ့ လှပျိုဖြူ သလိပ်ပျော် ချောင်းဆိုးပျောက်ဆေး၊ ဆေးပြားနဲ့ အရေပြား အမာရွတ်ပျောက်ဆေးတွေ လာရောက်ပြသရောင်းချပါတယ်။ အခုအကြိမ်နဲ့ဆို (၅)ကြိမ်မြောက်ရှိပါပြီ။ ယခင်အကြိမ်တွေတုန်းကလည်း ဒီကုန်ပစ္စည်းတွေပဲ လာရောက်ပြသခဲ့ပြီး မှာယူမှုတွေရှိပါတယ်။ လာရောက်ကြည့်ရှုတဲ့သူတွေက အဓိက အရိုးကျိုးပေါင်းလိမ်းဆေးကို စိတ်ဝင်စားကြတယ်။ ဒူဝါ အရိုးကျိုးပေါင်းလိမ်းဆေးက အရောင်းရဆုံးပဲ။ ဒီလို လာရောက်ပြသတဲ့အတွက် အများကြီးအကျိုးရှိပါတယ်။ ပြည်တွင်းကနေ ပြည်ပကို ထုတ်ဖို့အတွက် အလားအလာတွေအများကြီးရှိပါတယ်။ နိုင်ငံတော်ကနေ အခုလိုတိုင်းရင်းဆေးတွေကိုလည်း ဖိတ်ခေါ်တယ်။ ဒီလိုမျိုး အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်စည်ပြပွဲတွေမှာ ဒီလိုလာရောက် ပြသခွင့်ရတဲ့အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။

**ဇော်မင်းအောင်၊ စန္ဒာထွန်း (ခေတ္တကူမင်း)**

# တရုတ်-တောင်အာရှ မီဒီယာဖိုရမ် ကျင်းပ



**ယွီရှီး (ကူမင်း) ဇွန် ၁၂**

တရုတ်-တောင်အာရှ မီဒီယာဖိုရမ်ကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယွီရှီးမြို့ Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံ၊ တောင်အာရှမှ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် အာဖဂန်နစ္စတန်နိုင်ငံ သတင်းဌာနများမှ တာဝန်ရှိသူများက မီဒီယာပူးပေါင်းဆောင်ရွက်နေမှု၊ နိုင်ငံအလိုက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှု၊ တရုတ်နိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေမှု၊ သတင်းမီဒီယာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက်များ ပိုမိုရရှိလာကာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာနိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ရှင်းလင်းပြောကြားကြသည်။

ဖိုရမ်သို့ တရုတ်နိုင်ငံအပါအဝင် တောင်အာရှမှ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အာဆီယံနိုင်ငံ သတင်းဌာနများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် တရုတ်-တောင်အာရှ မီဒီယာဖိုရမ် စားပွဲဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

**ဇော်မင်းအောင်၊ စန္ဒာထွန်း**

## ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၂**

ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် တောင်တန်းဒေသ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သျှားထက် (ဓာတု)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၀/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာအိအိလှိုင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာသင်းသုနိုင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်<br>(တောင်ကြီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်<br>(တောင်ကြီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ခင်မာလာထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာမျိုးညွန့်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၁၂**

အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးအတွက် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) အကောင်အထည်ဖော်မှုတွင် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံမှ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ၂၀၁၉ ခုနှစ် နှစ်အလိုက် အေအီးစီ ဦးစားပေးအကောင်အထည်ဖော်ရမည့်လုပ်ငန်းများ၊ (၂၅)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၏ ရလဒ်များနှင့် အေအီးစီ ၂၀၂၅ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်မှုဘောင်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှဆောင်ရွက်နေသော Country Visit ကို ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ လက်ခံဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

**အရှိန်အဟုန်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်**

ထို့ပြင် အေအီးစီအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်အတွက် အာဆီယံနိုင်ငံများအားလုံးမှ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစဉ်စုစုပေါင်း ၁၇၀ ရှိပြီး လုပ်ငန်းစဉ် ၃၅ ခု အကောင်အထည်ဖော် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ် ၁၆၆ ခုအနက် ဇွန်လအထိ လုပ်ငန်းစဉ် ၃၈ ခုကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းကိစ္စရပ်များကို သတ်မှတ်အချိန်ဇယားအတိုင်း လိုက်ပါဆောင်ရွက်ပေးကြရန်နှင့် ကျန်လုပ်ငန်းကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က အေအီးစီ ၂၀၂၅ ကိုဖော်ဆောင်ရန် ၂၀၁၉ ခုနှစ် နှစ်အလိုက် ဦးစားပေးအကောင်အထည်ဖော်ရမည့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံက Country Visit ကို လက်ခံဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့၏ လုပ်ငန်းကော်မတီအလိုက် အေအီးစီ အကောင်အထည်ဖော်မှုလက်ရှိအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ လုပ်ငန်းစီမံချက်ပါ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များအကြံပြုဆွေးနွေးခဲ့ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**ရန်ကုန် ဇွန် ၁၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာအကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံး ဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(ဇွန်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၃၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နော်ဝေသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Tone Tinnes အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာလွှတ်တော်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကူအညီပေးနိုင်ရေး၊ ရွေးကောက်ပွဲစနစ် အတွေ့အကြုံမျှဝေနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**




# ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Dr. Nikolay Listopadov နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Assistant Minister အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Assistant Minister, Mr. Li Chenggang နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံတိုးမြှင့်ရန် သာမက ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆက်နွှယ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ပအိုဝ်းလူမျိုးဆိုင်ရာ သမိုင်းစာအုပ်များ လှူဒါန်း

**နေပြည်တော် ဇွန် ၁၂**

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်၏ အကူအညီဖြင့် မွန်ပြည်နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့ စုဆောင်းရရှိထားသော ပအိုဝ်းသမိုင်းဆိုင်ရာ ပေမူနှင့် စာအုပ်စာတမ်း ၄၆ အုပ်ကို အမျိုးသားစာကြည့်တိုက်သို့ လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

အမျိုးသားစာကြည့်တိုက်သည် "မြန်မာနိုင်ငံ၏အမျိုးသားစာပေစုအမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်" ရည်ရွယ်၍ နိုင်ငံအတွင်း ထုတ်ဝေသမျှစာပေပစ္စည်းများ အပြည့်စုံဆုံးဖြစ်အောင် စုဆောင်းလျက်ရှိရာတွင် မြန်မာနိုင်ငံအတွင်း အတူတကွနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်များ၏ စာပေများကိုပါ စုဆောင်းလျက်ရှိသည်။

စုဆောင်းရရှိထားသော စာပေပစ္စည်းများကို ရေရှည်တည်တံ့နေစေရန် စနစ်တကျ ထိန်းသိမ်း၍ သုတေသီများ၊ ကျောင်းသား ကျောင်းသူ၊ ရဟန်းရှင်လူပြည်သူများ လေ့လာဖတ်ရှုရည်ညွှန်းကိုးကားနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသော စာကြည့်တိုက်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်တွင် တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ထုတ်ဝေသောစာအုပ်စာတမ်း၊ စာနယ်ဇင်းများကို စုဆောင်းထားခြင်းဖြင့် ယင်းစာအုပ်စာတမ်းစာနယ်ဇင်းများသည် ခေတ်အဆက်ဆက်တည်တံ့နေစေခြင်းနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာလိုသူ၊ သုတေသနပြုလိုသူများအတွက် ရည်ညွှန်းကိုးကားနိုင်ရန် အထောက်အကူပြုနိုင်မည် ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်သို့ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ထုတ်ဝေသော စာအုပ်စာတမ်း စာနယ်ဇင်းများ( Printed ဖြစ်စေ Soft Copy ဖြစ်စေ) လှူဒါန်းလိုပါက အမှတ် (၈၅၊ က) သီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၀၁-၆၆၂၄၇၀၊ ၀၁-၆၆၃၉၀၂၊ ၀၉-၂၅၄၃၇၄၆၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၆)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ တက်ရောက်

**ဆီရမ်ရိ (ပ်) ဇွန် ၁၂**

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ (ပ်)မြို့၌ ဇွန် ၁၂ ရက်မှ ဇွန် ၁၄ ရက်အထိ ကျင်းပသည့် (၁၆) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ (16th Asia Media Summit) ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်က အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်ဆွေးနွေး**

ဆက်လက်၍ ထိပ်သီးညီလာခံ၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို "How we can adapt to Digital Revolution" ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Dr. Kheiu Kanharith၊ ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Jose Ruperto Martin M. Andanar၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး Dr. Hasan Mahmud၊ ကိုရီးယားသမ္မတနိုင်ငံ ဆက်သွယ်ရေးဒုတိယဝန်ကြီး Dr. Sam Seog Ko နှင့် ဆာမိုအာကျွန်းနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဒုတိယဝန်ကြီး Mr. Lealailepule Rimoni Aiafi တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် ဝန်ကြီးအဆင့်အစည်းအဝေး (Ministerial Sideline Meeting) ကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် AIBD မှ တာဝန်ရှိသူများက သတင်းတု (Fake News) တိုက်ဖျက်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**ကိုယ်စားလှယ်ပေါင်း ၆၀၀ ခန့် တက်ရောက်**

(၁၆)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံအစည်းအဝေးအား



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (AIBD) နှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနတို့က ပူးပေါင်း၍




ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးသို့ အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ဒေသပြင်ပရှိ နိုင်ငံပေါင်း ၄၂ နိုင်ငံမှ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာအကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ၊ AIBD ဥက္ကဋ္ဌ Mr.Fayyaz Shehryar၊ မီဒီယာကျွမ်းကျင်သူများ၊ မူဝါဒချမှတ်သူများနှင့် စိတ်ပါဝင်စားသူကိုယ်စားလှယ်ပေါင်း ၆၀၀ ခန့် တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (AIBD) ကို UNESCO ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံ၌ ၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် ဒေသတွင်း တင်းပြည့်အဖွဲ့ဝင် ၂၆ ဖွဲ့နှင့် အာရှ၊ ပစိဖိတ်၊ ဥရောပ၊ အာဖရိက ၊ အာရပ်နှင့် မြောက်အမေရိက စသည့်ဒေသများရှိ မိတ်ဖက်အဖွဲ့အစည်းပေါင်း ၅၀ ကျော် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**တင်းပြည့်အဖွဲ့ဝင်**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (AIBD) သို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ၂၉-၇-၁၉၉၇ ရက်တွင် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြန်/ဆက်ရုံးများနှင့် မင်းဘူးရုပ်သံထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ အောင်လံမြို့နယ်များရှိ ပြန်/ဆက်ရုံးများနှင့် မင်းဘူးရုပ်သံထပ်ဆင့်လွှင့်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းဦး၊ ဦးတင်နွယ်ဦး၊ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လာမည့်ပွင့်လင်းရာသီတွင် မကွေးမြို့၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပနိုင်ရန် လျာထားမှုနှင့် ဆောင်ရွက်နိုင်မှုအခြေအနေကို ညှိနှိုင်းဆွေးနွေးကာ မကွေးတက္ကသိုလ်အတွင်း ကွင်းဆင်းကြည့်ရှုလေ့လာသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ မင်းဘူးရုပ်သံထပ်ဆင့်လွှင့်စက်ရုံကိုလည်းကောင်း၊ မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် လူထုအခြေပြုဗဟိုဌာနအဖြစ် ဖွင့်လှစ်ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ညနေပိုင်းတွင် အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတို့တွင် လူထုအခြေပြုဗဟိုဌာနအဖြစ် ဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများကိုစစ်ဆေးစဉ် လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ အများပြည်သူဝင်ထွက်သွားလာပြီး အသုံးပြုနိုင်ရန်အတွက် အဆောက်အအုံများ ကြံ့ခိုင်မှုကောင်းမွန်ရန်အပြင် သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြောင်းလဲတိုးတက်နေသော အချိန်ကာလ/နည်းပညာရပ်များနှင့်အညီ လိုက်ပါပြောင်းလဲဆောင်ရွက်နိုင်ရန်၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွင် နိုင်ငံချစ်စိတ်ဖြင့် သတ်မှတ်လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်မှုဖြင့် လုပ်ငန်းတာဝန်များကို ပျော်ရွှင်တက်ကြွစွာထမ်းဆောင်ကြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နော်ဝေသံအမတ်ကြီး Ms. Tone Tinnes အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms. Tone Tinnes နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တွေ့ဆုံဆွေးနွေး**

တွေ့ဆုံစဉ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေရေးဆွဲဆောင်ရွက်မှု၊ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်က လက်မှတ်ရေးထိုးခဲ့ပြီးနောက် လုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေ၊ မြေမြှုပ်မိုင်းတားဆီးရေးစာချုပ်တွင် နော်ဝေနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေမှုနှင့် Mine Action Centre နှင့်ပတ်သက်၍ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်သွားရောက်နိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပါဝင်တက်ရောက်နိုင်ရေး၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှု၊ မြေမြှုပ်မိုင်းကိစ္စများနှင့်ပတ်သက်၍ စက်တင်ဘာလအတွင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# UNFPA ၏ စတုတ္ထအကြိမ် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် ၂၀၁၈ - ၂၀၂၂ ဆိုင်ရာ LoA လက်မှတ်ရေးထိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် UNFPA ၏ စတုတ္ထအကြိမ် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ နှင့်စပ်လျဉ်းသည့် Letter of Agreement (LoA) ကို မြန်မာနိုင်ငံအစိုးရကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်နှင့် UNFPA ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ UNFPA ကိုယ်စားလှယ် Mr. Ramanathan Balakrishnan တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ UNFPA နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် UNFPA တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။

UNFPA ၏ စတုတ္ထအကြိမ် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ ကို သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးရေးဆွဲထားခြင်းဖြစ်ပြီး UNFPA ၏ ပုံမှန်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်း၊ အခြားရန်ပုံငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၂၀ ဖြင့် မျိုးဆက်ပွားကျန်းမာရေး၊ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေး၊ လူဦးရေဆိုင်ရာကဏ္ဍများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

UNFPA သည် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ်များကို ယခင်ကလည်းဆောင်ရွက်ခဲ့ရာ ပထမအကြိမ် ၂၀၀၂-၂၀၀၆ ကို အမေရိကန်ဒေါ်လာ ၁၆ သန်း၊ ဒုတိယအကြိမ် ၂၀၀၇-၂၀၁၁ ကို အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂ သန်း၊ တတိယအကြိမ် ၂၀၁၂-၂၀၁၇ ကို အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅ သန်းတို့ဖြင့် မျိုးဆက်ပွားကျန်းမာရေး၊ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေး၊ လူဦးရေဆိုင်ရာကဏ္ဍများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့သွေးလှူရှင်များနေ့
၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့
"Safe Blood for All"
"သန့်စင်သောသွေး လူသားအားလုံးရရှိရေး"
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

မောင်တောမြို့နယ် အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ယာယီရဲမှူးကျော်ဝင်း ဦးစီးသည့် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၃)ပါ နှစ်စင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Nhilla BOP ကင်းစခန်းမှ Subedar Md, Sha Alom ဦးဆောင်သည့် စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်း ရေယာဉ်လေးစင်းတို့သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်စံပါယ်ပင်ရင်း(၁) ချောင်းဝအနီး ရေမိုင်အမှတ်(၁၁)မှ ပြူးမချောင်းချောင်းဝထိပ် ရေမိုင်အမှတ်(၁၅) အနီးအထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၃) ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့် အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



(၂၄)လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦဖြစ်ပါသည်။

ဖုန်း–၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ပါဠိပထမပြန်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၀ ပြည့်နှစ် (၂၀၁၉ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၁၀၂၃၇ ပါး/ဦး အနက် ၂၈၇၄ ပါး/ဦး အောင်မြင်၍ ၂၈ ဒသမ ၀၇ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၉၀၁၄ ပါး/ဦး အနက် ၄၂၈၆ ပါး/ဦး အောင်မြင်၍ ၄၇ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၁၄၄၄ ပါး/ဦး အနက် ၄၅၀၂ ပါး/ဦး အောင်မြင်၍ ၃၉ ဒသမ ၃၄ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၁၆၂၇၀ ပါး/ဦး အနက် ၉၅၅၀ ပါး/ဦး အောင်မြင်၍ ၅၈ ဒသမ ၇၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြသည်။

၁၃၈၀ ပြည့်နှစ် (၂၀၁၉ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအနက် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ကြသည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စိန်/ ၁ | ဦးဥတ္တမာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | စိန်/၂ | အရှင်သီလာနန္ဒာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | တတိယ | တက/၄ | ရှင်ခေမာစာရာလင်္ကာရ | သိမ်တောင်ကျောင်းတိုက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်။ |
| ၄။ | သီလရှင် ပထမ | စိန်/ ၁၄၀ | မစန္ဒကလျာ | ဓမ္မဝါဒီသီလရှင်ကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက/၅၀ | ရှင်အဘိလတာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | စက/၄၆ | ရှင်မာနိတာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၃။ | တတိယ | စိန်/၂ | ဦးဓမ္မသာမီလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | ဗဟ/၁၅၉ | မဝိဇ္ဇာကာမိနီ | ပဏ္ဍိတာရာမရွှေတောင်ကုန်းကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | ကွေး/၄၈ | ရှင်နေမိန္ဒ | အောင်မြေရတနာကျောင်း၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | စိန်/၁၅ | ဦးဆန္ဒာဓိက | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | တတိယ | ညတ/၂၈ | ရှင်ဣန္ဒက | နိဂြောဓာရုံကျောင်း၊ ညောင်တုန်းမြို့ ဧရာဝတီတိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | ဗဟ/၁၅၇ | မဝိစိတ္တညာဏီ | ပဏ္ဍိတာရာမရွှေတောင်ကုန်းကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟမ/၇၆ | ဦးသောဘန | မစိုးရိမ်တိုက်သစ်၊ ဓမ္မဝေဒဂူကျောင်း၊ မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | ထုံ/၁၁၀ | ဦးဓမ္မရာဇ | ဘုရားလေးကျောင်း၊ သထုံမြို့ မွန်ပြည်နယ်။ |
| ၃။ | တတိယ | မုံ/၁၇၁ | ရှင်အင်္ဂိရ | သာသနရောင်ခြည်ကျောင်း၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၄။ | သီလရှင် ပထမ | မရ/၃၄၁ | မဏ္ဍသရိယစာရီ | ဓမ္မေသကစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၁၃၈၀ ပြည့်နှစ်(၂၀၁၉ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းများကို နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့ရုံးများတွင်လည်းကောင်း၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၉၉၈ တွဲကို ငွေကျပ် ၂၁၆၇၁ ဒသမ ၉၇၉ သန်းဖြင့် ရောင်းချရ

**နေပြည်တော် ဇွန် ၁၂**

မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ်(၁၀၅၁) မှ (၂၁၀၀) အထိ ၁၀၅၀ တွဲတွင် ၉၉၈ တွဲကို ငွေကျပ် ၂၁၆၇၁ ဒသမ ၉၇၉ သန်းဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဇွန် ၁၃ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ အမှတ်(၂၁၀၁)မှ အတွဲအမှတ် (၃၁၀၈)ထိ ၁၀၀၈ တွဲကို ရတနာကုန်သည်များက စိတ်ကြိုက်စစ်ဆေးခဲ့ကြပြီး သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းပေးသွင်းလွှာများကို စနစ်တကျ ထည့်သွင်းခဲ့ကြသည်။

အဆိုပါ ပြပွဲကို ဇွန် ၈ ရက်တွင် စတင်ကျင်းပခဲ့ရာ ဇွန် ၁၀ ရက်တွင် ကျောက်မျက်အတွဲ ၂၆၀ တွင် ၄၉ တွဲကို ငွေကျပ် ၃၆၂ ဒသမ ၀၉၉ သန်းဖြင့် လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ကျောက်စိမ်းအတွဲ ၁ မှ ၁၀၅၀ တွင် ၁၀၃၈ တွဲကို ငွေကျပ် ၁၈၈၀၀ ဒသမ ၁၆ သန်းဖြင့် လည်းကောင်း ရောင်းချခဲ့ရပြီး ပြည်တွင်းကုန်သည်ငယ်များ ကုန်ကြမ်းရရှိရန်နှင့် လုပ်ငန်းရှင်များ ဝင်ငွေရရှိရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ရာ ပုတီး၊ လက်ကောက်များ ပြုလုပ်နိုင်ရန်အတွက် ကျောက်အမျိုးအစားမျိုးစုံ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာ(၁၀)တန်းအောင်ကျောင်းသားကျောင်းသူများနှင့် မိဘများအတွက်

"ဆယ်တန်းအလွန် အနာဂတ်ပညာရေး ရွေးချယ်ခြင်းဆိုင်ရာသိကောင်းစရာများ" အကြောင်းဆွေးနွေးပွဲ . . .

- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ဗိုလ်စင်ခွင့်သိမှတ်ဖွယ်ရာများ
- နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
- ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
- ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
- ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
- နိုင်ငံတကာပညာရေးနှင့် ပြည်တွင်းပညာရေး သင်ယူသင်ကြားမှုဆိုင်ရာ ကွဲပြားခြားနားချက်များ
- နိုင်ငံတကာပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ



ဆွေးနွေးမည့်သူ
ဦးအောင်ကျော်ဆန်း
(CROWN Education & Royal Academic Institute)

Yangon Seminar
Jun 15th
10:00 AM - 1:00 PM
NOVOTEL HOTEL

Mandalay Seminar
Jun 16th
9:00 AM - 12:00 Noon
HOTEL MANDALAY

Tel : 01 527 838, 09 44 55 66 701 ~ 702

CROWN EDUCATION

ROYAL ACADEMIC INSTITUTE

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အီရန်နိုင်ငံသမ္မတ ဟတ်ဆန်ရိုဟာနီအား တွေ့ဆုံ



**တီဟီရန် ဇွန် ၁၂**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီတို့သည် ဇွန် ၁၂ ရက်တွင် တီဟီရန်မြို့၌ တွေ့ဆုံခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ခေါင်းဆောင်နှစ်ဦးက အီရန်နှင့် အမေရိကန် နှစ်နိုင်ငံအကြား တင်းမာမှုများ လျော့ကျသွားစေရန် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။

အီရန်နိုင်ငံသို့ ၄၁ နှစ်အတွင်း ပထမဆုံးအကြိမ် ရောက်ရှိခဲ့သော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သမ္မတ ရိုဟာနီတို့သည် ဆာဒါဘတ်သမ္မတနန်းတော်တွင် တွေ့ဆုံခဲ့ကြသည်။

၂၀၁၅ ခုနှစ် နျူကလီးယားလက်နက် ပြေငြိမ်းရေးစာချုပ်မှ မေလက အမေရိကန် နုတ်ထွက်ခဲ့ပြီးနောက် အီရန်နှင့် အမေရိကန် နှစ်နိုင်ငံအကြား တင်းမာမှုများ စတင်ဖြစ်ပေါ်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် အာဘေးက အဆိုပါနှစ်နိုင်ငံအကြား ဆက်ဆံရေးကို နိုင်ငံတကာအသိုက်အဝန်းက အာရုံစူးစိုက်မှုရှိကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

အီရန်နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းဖို့ ဆန္ဒရှိပါကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အီရန်နိုင်ငံသို့ မထွက်ခွာမီ မီဒီယာသို့ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီး၊ မြေပြိုမှုများကြောင့် လူ ၃၂ ဦးထက်မနည်း သေဆုံး

**ပေကျင်း ဇွန် ၁၂**

တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ ၃၂ ဦးထက်မနည်း သေဆုံးပြီး ဒေသခံပြည်သူ ထောင်ပေါင်းများစွာတို့မှာ ၎င်းတို့နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်နှင့် ကျန်ရှီးပြည်နယ်တို့တွင် ရက်သတ္တတစ်ပတ်ခန့် မိုးအဆက်မပြတ် ရွာသွန်းခဲ့ကြောင်း တရုတ်အစိုးရ သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။

ယင်းပြည်နယ် နှစ်ခုအတွင်းရှိ အချို့နေရာများတွင် မိုးရေချိန် မီလီမီတာ ၆၀၀ ကျော် ရွာသွန်းခဲ့သည်။

မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် လူ ၁၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး လူနေအိမ် အလုံး ၄၅၀၀ ကျော် ပျက်စီးခဲ့ရသည်။

လူ ၂၄၅၀၀၀ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများက ရေဘေးကြောင့် သောင်တင်နေသည့် ပြည်သူများအား ကယ်ဆယ်ရန် ကြိုးပမ်းနေရသည်။

မိုးရွာသွန်းမှုသည် ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိကြောင်း မိုးလေဝသဌာနတာဝန်ရှိသူများက ခန့်မှန်းထားပြီး ယင်းပြည်နယ်အတွင်းရှိ မြစ်ချောင်းအများစုမှာ ရေများလျှံလာဖွယ်ရှိ၍ ပြည်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် အကြံပြုထားသည်။

**အင်န်အိတ်ချ်ကေ**




# ဆူဒန် စစ်ကောင်စီဝင် ဗိုလ်ချုပ်ကြီးများနှင့် ဆန္ဒထုတ်ဖော်သူများ ဆွေးနွေးပွဲ ပြန်လည်စတင်မည်

**ခါတွမ် ဇွန် ၁၂**

ဆူဒန်နိုင်ငံတွင် အာဏာရစစ်ကောင်စီနှင့် ဒီမိုကရေစီလိုလားသော ဆန္ဒထုတ်ဖော်သူများအကြား ဆွေးနွေးပွဲကျင်းပရန် သဘောတူညီမှုရရှိခဲ့သဖြင့် မြို့တော်ခါတွမ်ရှိ ဈေးဆိုင်များ မူလအတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ဆူဒန်စစ်ကောင်စီဝင် ဗိုလ်ချုပ်ကြီးများနှင့် ဆန္ဒထုတ်ဖော်သူများအကြား ဆွေးနွေးပွဲ ပြန်လည်စတင်မည်ဖြစ်သော်လည်း ကျင်းပမည့် နေ့ရက်နှင့် အချိန်အတိအကျကို ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

အရပ်သားအစိုးရအဖွဲ့သို့ နိုင်ငံတော်၏ အခွင့်အာဏာ လွှဲပြောင်းပေးရေးကို စစ်ကောင်စီဝင် ဗိုလ်ချုပ်ကြီးများက သဘောတူညီသော်လည်း အရပ်သားအစိုးရအဖွဲ့တွင် မည်သည့်ဘက်က ရွေးချယ်တင်မြှောက်မလဲ ဆိုသည်နှင့်ပတ်သက်ပြီး အဓိက ဆွေးနွေးကြမည်ဖြစ်သည်။



အမေရိကန်လုံခြုံရေးကောင်စီက အာဏာရစစ်ကောင်စီအား ဦးဆောင်ကြသည့် ဗိုလ်ချုပ်ကြီးများနှင့် ဆန္ဒထုတ်ဖော်သူ ပြည်သူများအကြား ပဋိပက္ခကို အမြန်ဆုံးဖြေရှင်းရန် တိုက်တွန်းပြောကြားခဲ့သည်။

ဇွန် ၃ ရက်က ခါတွမ်မြို့ရှိ ကာကွယ်ရေးဌာနချုပ်ရုံးရှေ့တွင် ဆန္ဒထုတ်ဖော်လျက်ရှိကြသည့် ပြည်သူများအား အာဏာပိုင်များက လူစုခွဲဖြိုခွင်းခဲ့ရာ လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

အမေရိကန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဆူဒန်နိုင်ငံသို့ လာရောက်၍ စစ်ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးများနှင့် ဆန္ဒထုတ်ဖော်သူ ပြည်သူများအား တွေ့ဆုံကာ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရန် တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ယခုနှစ်ပထမငါးလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ မိုးကြိုးပစ်ခံရမှုကြောင့် လူ ၅၉ ဦးသေဆုံး

**ဖနောင်ပင် ဇွန် ၁၂**

၂၀၁၉ ခုနှစ် ပထမငါးလအတွင်း၌ ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးပစ်ခံရမှုကြောင့် လူ ၅၉ ဦး သေဆုံးခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလတွင် မိုးကြိုးပစ်ခံရ၍ သေဆုံးသူ ၆၅ ဦးရှိခဲ့ပြီး ယခုနှစ်တွင် သေဆုံးသူဦးရေ ကိုးရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သဘာဝဘေးထိန်းချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း မိုးကြိုးထိမှန်ဒဏ်ရာရသူ ဦးရေ ၅၆ ဦးရှိပြီး လွန်ခဲ့သည့်နှစ် အလားတူကာလတွင် ၄၆ ဦးရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ကီယိုဗိုင်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မေလမှ အောက်တိုဘာလအတွင်းဖြစ်သော မိုးရာသီကာလအတွင်း မိုးကြိုးပစ်ခြင်းများ မကြာခဏ ဖြစ်ပေါ်တတ်ပြီး ကမ္ဘောဒီးယားပြည်သူများအနေဖြင့် မိုးကြိုးဒဏ်ခံရခြင်းမှ နည်းသည်ထက် နည်းစေရန်အတွက် မိုးရွာသွန်းနေစဉ်အတွင်း နေအိမ်များအတွင်း၌ နေထိုင်သင့်ကြောင်း ၎င်းက ပြောကြားသည်။

မိုးကြိုးမုန်တိုင်းကျရောက်စဉ်နှင့် မိုးသည်းထန်စွာ ရွာသွန်းနေစဉ်အတွင်း ကမ္ဘောဒီးယားလယ်သမားများအနေဖြင့် လယ်ကွင်းများ၌ အလုပ်လုပ်ကိုင်ခြင်းနှင့် ရေပြင်များအတွင်း မနေသင့်ကြောင်း၊ ယင်းသို့သော အခြေအနေမျိုး၌ ပြည်သူများအနေဖြင့် တယ်လီဖုန်းအသုံးပြုခြင်းနှင့် ရုပ်မြင်သံကြားကြည့်ရှုခြင်းတို့ကို မပြုလုပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၈ ခုနှစ်အတွင်းက ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးအပစ်ခံရမှုကြောင့် လူ ၁၁၀ သေဆုံးခဲ့ရပြီး သေဆုံးရသူအများစုမှာ လယ်သမားများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားအလယ်ပိုင်း၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွား၊ ပြည်သူ ၆၀၀၀ နီးပါး နေအိမ်စွန့်ခွာခဲ့ရ



**ဂျကာတာ ဇွန် ၁၂**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ်၏ အရှေ့တောင်ဘက်တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများက အပြင်းအထန်ရိုက်ခတ်ခဲ့ရာ ပြည်သူအများအပြား နေအိမ်စွန့်ခွာမှုနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုနာဝီအူတရာခရိုင်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် ကမ်းပြိုမှုများ ဖြစ်ပွားကာ ကျေးရွာတချို့သည် ရေလွှမ်းမိုးခြင်းခံခဲ့ရပြီး ပြည်သူ ၅၇၀၃ တို့သည် ဘေးလွတ်ရာအရပ်သို့ ပြောင်းရွှေ့ခဲ့ရကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝိုနျူဂရိုဟိုက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်က အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းတွင်ဖြစ်ပွားသည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် ၂၀၂ လုံးမျောပါသွားပြီး တံတား လေးစင်းနှင့် ကားလမ်းကိုလည်း ဖျက်ဆီးခဲ့သည့်အပြင် စပါးစိုက်ခင်း ၉၇၀ ဒသမ ၃ ဟက်တာနှင့် ငါးမွေးမြူရေးကန် ၄၂၀ ဟက်တာကိုလည်း ရေလွှမ်းမိုးခဲ့၍ ဒေသတွင်း ကြီးမားသောစီးပွားရေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် အကူအညီများ ဖြန့်ဖြူးပေးခြင်း၊ နေထိုင်စရာ ရွက်ဖျင်တဲများဖန်တီးပေးခြင်း ဆေးဝါးအကူအညီနှင့် အခြားသောအကူအညီများ အပါအဝင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ကြိုးပမ်းလုပ်ဆောင်လျက်ရှိသော်လည်း ရေစီးကြမ်းတမ်းမှုကြောင့် ကျေးရွာသုံးရွာတွင် နေထိုင်သောပြည်သူများအတွက် အကူအညီများဖြန့်ဖြူးပေးရေးလုပ်ငန်းကို အခက်အခဲဖြစ်စေခဲ့ကြောင်း သိရသည်။ စင်စစ်အားဖြင့် ကားလမ်းများပျက်စီးမှုနှင့် ဆက်သွယ်ရေးစနစ်များ ပြတ်တောက်မှုများက ရေဘေးသင့်ပြည်သူများအတွက် အကူအညီများ ဖြန့်ဖြူးပေးမှုကို နှောင့်နှေးကြန့်ကြာစေခဲ့ခြင်းဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

သို့သော် အင်ဒိုနီးရှားအစိုးရသည် ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းပေးရန် ရဟတ်ယာဉ်တစ်စင်းနှင့် လေယာဉ်တစ်စင်းကို ရေဘေးသင့်ဒေသသို့ စေလွှတ်ထားကြောင်း သိရသည်။ ဆေးဘက်ဝန်ဆောင်မှုများ၊ အစားအစာ၊ ကလေးအစားအစာ၊ ရွက်ဖျင်တဲများ၊ မွေ့ရာများသည် ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်လိုအပ်သည့် အရာများထဲတွင်ပါဝင်ကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ပြောသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ဂျေတီ**

# ဆော်ဒီလေဆိပ်အား ဟူသီစစ်သွေးကြွများ တိုက်ခိုက်၊ လူ ၂၆ ဦး ဒဏ်ရာရရှိ



**ရီယာ့ဒ် ဇွန် ၁၂**

ယီမင် လက်နက်ကိုင်သောင်းကျန်းသူများက ဆော်ဒီအာရေဗျနိုင်ငံ အနောက်တောင်ဘက် အာဆီရ်ပြည်နယ်ရှိ အာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဇွန် ၁၂ ရက်တွင် ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူ ၂၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က ပြောကြားသည်။

လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် မတ်လကတည်းက ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုဒဏ်ကို ခံခဲ့ရသည့် ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စုသည် မကြာသေးမီ သီတင်းပတ်များမှစ၍ ဆော်ဒီနယ်စပ်ဒေသ တစ်လျှောက်တွင် ဒုံးကျည်များ၊ ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်မှုများကို အရှိန်မြှင့် လုပ်ဆောင်လာခဲ့ကြောင်း သိရသည်။

ဟူသီစစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများအနက် ရှစ်ဦးသည် ဆေးရုံ၌ ကုသမှုခံယူနေပြီး ကျန်ဒဏ်ရာရရှိသူ ၁၈ ဦးသည် ဆေးဝါးကုသမှု ခံယူခဲ့ပြီးနောက် ဆေးရုံမှ ပြန်ဆင်းနိုင်ခဲ့ကြောင်း ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တာကီ အယ်လ်မာလ်ကီက ပြောကြားသည်။

ဟူသီ စစ်သွေးကြွများသည် ဆော်ဒီတောင်တန်းဒေသ အပန်းဖြေစခန်းရှိ အဆိုပါ လေဆိပ်ကို ဒုံးကျည်ဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ဖြစ်ပြီး ယင်းတိုက်ခိုက်မှုကြောင့် ပုံမှန်ဆိုက်ရောက်လာမည့် လေယာဉ်များကို နာရီပေါင်းများစွာကြာ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ဟူသီစစ်သွေးကြွများ၏ ဒုံးကျည်ပစ်ခတ်မှုသည် တစ်နေ့လျှင် ခရီးသည် ထောင်နှင့်ချီ အသုံးပြုလျက်ရှိသည့် လေဆိပ်ကို ထိခိုက်သွားကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများအနက် အိန္ဒိယအမျိုးသမီး တစ်ဦးထက်မနည်း ပါဝင်နိုင်ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုသည် အပြစ်မဲ့ပြည်သူများအပေါ် ပြစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုပင် ဖြစ်ရာ စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်ကြောင်း၊ ညွန့်ပေါင်းတပ်ဖွဲ့အနေဖြင့် လက်နက်ကိုင်စစ်သွေးကြွများအား ချေမှုန်းပြီး အပြစ်မဲ့ပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ မာလ်ကီက ရှင်းလင်းပြောကြားသည်။

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့သည် ယီမင်နိုင်ငံမြောက်ဘက် ဟာ့ဂျ်ဂျာပြည်နယ်ရှိ စစ်သွေးကြွများ၏ ခြေကုပ်စခန်းများအပေါ် လေကြောင်းထိုးစစ်ဆင်မှု အရှိန်မြှင့်လုပ်ဆောင်လာမည်ဖြစ်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြခဲ့ပြီးနောက် ဆော်ဒီလေဆိပ်အား ဟူသီစစ်သွေးကြွများက ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဂျေတီ**

# မုန်တိုင်း "ဗာယု" မရောက်ရှိမီ အိန္ဒိယပြည်သူ သုံးသိန်းခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့မည်

**နယူးဒေလီ ဇွန် ၁၂**

ဆိုင်ကလုန်းမုန်တိုင်း "ဗာယု"မရောက်ရှိမီ အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်နှင့် ပြည်ထောင်စုနယ်မြေ ဒိုင်အူရှိ ပြည်သူသုံးသိန်းဝန်းကျင်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးမည်ဟု အိန္ဒိယအစိုးရက ယနေ့ပြောကြားသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဗာယု"မှာ မနက်ဖြန်တွင် အိန္ဒိယနိုင်ငံဘက်သို့ တိုက်ခတ်လာဖွယ်ရှိသည်။ လူ့အသက်ဆုံးရှုံးမှုမရှိစေရန်၊ အရေးပါသော အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုနည်းပါးစေရန်နှင့် မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောလျင်စွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်ကာ ကြိုတင်ကာကွယ်မှုကိစ္စရပ်များ လုပ်ဆောင်ရန် ပြည်ထဲရေးဝန်ကြီးဌာနက ဂူဂျာရတ်ပြည်နယ်အစိုးရနှင့် ဒိုင်အူပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့ထံ အသေးစိတ်အကြံပြုချက်များ ထုတ်ပြန်ပေးခဲ့သည်။

ဘေးလွတ်ရာပြောင်းရွှေ့ရေးလုပ်ငန်းစဉ်ကို ယနေ့စတင်ခဲ့ပြီး ပြည်သူများကို မုန်တိုင်းရှောင်စခန်း ၇၀၀ ခန့်သို့ ပြောင်းရွှေ့လျက်ရှိသည်။ ဘေးလွတ်ရာပြောင်းရွှေ့ရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီပေးရန် အမျိုးသားဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့ (NDRF)မှ အဖွဲ့ ၃၉ ဖွဲ့ကို တာဝန်ပေးအပ်ခဲ့သည့်အပြင် အိန္ဒိယတပ်မတော်မှ အဖွဲ့ ၃၄ ဖွဲ့မှာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသင့်အနေအထားရှိနေခဲ့သည်။ ပြည်ထဲရေးဝန်ကြီး အေမစ်ရှားကလည်း အခြေအနေကို ပုံမှန်ပြန်လည်သုံးသပ်လျက်ရှိပြီး အိန္ဒိယရေတပ်မှ ကယ်ဆယ်ရေးအဖွဲ့များကလည်း အရပ်ဘက်အာဏာပိုင်များကို အကူအညီပေးရန် အဆင်သင့်ပြင်ဆင်ထားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ကျော်ထိုက်စိုး**

# AIIB ၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး လူဇင်ဘတ်တွင် ကျင်းပမည်

**ပေကျင်း ဇွန် ၁၂**

လူဇင်ဘတ်နိုင်ငံက အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB)၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၂ ရက်မှ ၁၃ ရက်ထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အဆိုပါဘဏ်က ဇွန် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ယခုအစည်းအဝေးမှာ လွန်ခဲ့သောသုံးနှစ်ကျော်က AIIB ကို စတင်တည်ထောင်ပြီးနောက်ပိုင်း အာရှတိုက်ပြင်ပတွင် ပထမဆုံးအကြိမ်ကျင်းပမှု ဖြစ်လာမည်ဖြစ်သည်။ ဥရောပတိုက်က AIIB သို့ အကူအညီများစွာ ပေးခဲ့ပြီး လူဇင်ဘတ်နိုင်ငံမှာ ဘဏ်ကိုစတင်တည်ထောင်သည့် အဖွဲ့ဝင်နိုင်ငံ ဖြစ်ကြောင်း AIIB ဘဏ်ဒုတိယဥက္ကဋ္ဌ ဒန်နီအလက်ဇန္ဒားက ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နယ်ပယ်အသီးသီးမှ ပညာရှင်များ တက်ရောက်မည်ဖြစ်သည်။ ပေကျင်းမြို့တော်၌ ရုံးစိုက်သည့် AIIB ဘဏ်မှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် လုပ်ငန်းလည်ပတ်မှုများ စတင်ခဲ့ပြီး ကမ္ဘာတစ်ဝန်း အဖွဲ့ဝင်နိုင်ငံ ၉၇ နိုင်ငံအထိ များပြားလာခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ကျော်ထိုက်စိုး**

**❍ အာရှ ယူ-၁၉**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပြင်ဆင်ချိန်ကာလတွင် ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများစွာ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ အာရှထိပ်သီးနိုင်ငံများသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်လျက်ရှိပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အုပ်စု(ခ)၌ လက်ရှိချန်ပီယံ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု(က)တွင် မြောက်ကိုရီးယား၊ သြစတြေးလျ၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်-** ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ-** ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ-** ဦးကိုကိုအောင်၊ **ဂိုး-** ဖူးလတ်နဒီ (အား/ကာသိပ္ပံ)၊ ပိုးဥ(YREO)၊ ခင်မြတ်မိုး၊ စိမ်းလဲ့လဲ့ဦး (အား/ကာ)၊ **နောက်တန်း-** နန့်ဖူးဖူးထက်၊ သဲအိမိုး(မြဝတီ)၊ ကြည်ပြာလင်း(အား/ကာသိပ္ပံ)၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ မိုးမမစိုး၊ နှင်းမြသဇင်၊ မေသက်မွန်မြင့်၊ သဇင်အောင်(YREO)၊ ကေကေ၊ အိအိကျော်(အား/ ကာ)၊ **အလယ်တန်း-** ဝင်းဝင်း(ဇွဲကပင်)၊ မေဖူးကို၊ မိုးမိုးသန်း(အား/ကာသိပ္ပံ)၊ ဇင်မာထွေး၊ အေးအေးထွေး၊ ဘွဲ့လျှန်ကိန်း၊ ပုံ့ပုံ့ပြည့်မောင်(YREO)၊ **ရှေ့တန်း-** စန်းသော်သော်(ဇွဲကပင်)၊ ဆုပြည့်ပြည့်ကျော်၊ လင်းမြင့်မိုရ်၊ လင်းလဲ့ဦး (အား/ကာ)၊ အေးမြတ်ခိုင်(မြဝတီ )၊ နွယ်နီဝင်း၊ ဆွေမာအောင်(YREO) နှင့် အိစန္ဒာဇော် (ဂန္ဓမာ)တို့ ပါဝင်ကြသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

**❖ ကျောဖုံးမှ**

ဗန်ကောက် BTS အသင်းသည် ၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းဖြစ်ပြီး ထိုင်းထိပ်တန်းစာရင်းဝင် အသင်းတစ်သင်းလည်းဖြစ်သည်။ MIU အသင်းသည် မေ ၈ ရက်မှ ဇွန် ၅ ရက်အထိ ကျင်းပသည့် 2019 MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းဖြစ်ပြီး ယင်းအသင်းကိုအခြေခံကာ ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လားရှိုးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူးများ၊ လက်ထောက်လူဝင်မှု ကြီးကြပ်ရေးမှူးများနှင့် ဒေါ်မာရှောက်ဆန်းတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ မြို့နယ်ဦးစီးမှူးနှင့် တိုက်နယ်မှူးများသည် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ခြင်း၊ အိမ်ထောင်စုဇယားပြုလုပ်ခြင်းနှင့် မွေး/တိုး စာရင်းပြုလုပ်ခြင်းတို့အပေါ် ငွေကြေးတောင်းခံရယူ ဆောင်ရွက်ပေးနေခြင်းအား အရေးယူပေးရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လားရှိုးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လင်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန်၊ မွေး/တိုးပြုလုပ်ရန်နှင့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန်တို့အတွက် စုစုပေါင်း ငွေကျပ် ၁၂ သိန်း ၈ သောင်းကို လည်းကောင်း၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်ကြည်ကြည်ညွန့်သည် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန်အတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးရန်ဝင်းအောင်သည် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ရန်အတွက် ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးထက်ဝင့်အောင်သည် အိမ်ထောင်စုစာရင်း ပြုလုပ်ရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန်တို့အတွက် ငွေကျပ် ၂၁ သိန်း၊ အကျိုးဆောင်အဖြစ် ဆောင်ရွက်သူ ဒေါ်မာရှောက်ဆန်းထံမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀ ခု ပြုလုပ်ပေးခြင်းအတွက် ငွေကျပ် ငါးသိန်းနှင့် မွေး/တိုးပြုလုပ်ခြင်းအတွက် ငွေကျပ် ၆ ဒသမ ၈ သိန်းတို့ကို လည်းကောင်း၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်အိအိမွန်အောင်သည် အိမ်ထောင်စုစာရင်းပြုလုပ်ခြင်း၊ မွေး/တိုးပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းတို့အတွက် ငွေကျပ် ၁၄ သိန်း၊ မွေး/တိုးပြုလုပ်ခြင်းအတွက် ငွေကျပ် နှစ်သိန်းတို့ကို လည်းကောင်း၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်ခင်မေထွန်းသည် အိမ်ထောင်စုစာရင်းအမည် ပြင်ဆင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ခြင်းတို့အတွက် ငွေကျပ် ကိုးသိန်းကို လည်းကောင်း တောင်းခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့သည်ကို တွေ့ရှိရကြောင်း။

လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးကျော်သူဟိန်းသည် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လင်း အိမ်ထောင်စုခွဲခြင်း၊ မွေး/တိုး ပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းတို့အတွက် တောင်းခံထားသည့် ငွေကျပ် ၁၂ သိန်း ၈ သောင်းကို လက်ခံရယူပေးခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀ ခု ပြုလုပ်ခြင်းအတွက် ဒေါ်မာရှောက်ဆန်းက ဦးထက်ဝင့်အောင်ထံမှ ငွေကျပ်တစ်သိန်း လက်ခံရယူခဲ့ခြင်းဖြင့် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လားရှိုးမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်ကျော်လင်း၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်ကြည်ကြည်ညွန့်နှင့် ဦးရန်ဝင်းအောင်၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးထက်ဝင့်အောင်၊ ဒေါ်အိအိမွန်အောင်နှင့် ဒေါ်ခင်မေထွန်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ လည်းကောင်း၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးကျော်သူဟိန်းနှင့် ဒေါ်မာရှောက်ဆန်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/၆၃ အရလည်းကောင်း လားရှိုးမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြောင်းမြအကျဉ်းထောင်တွင် ထောင်ဝင်စာလာတွေ့သူထံမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မြောင်းမြ ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့အကျဉ်းထောင်တွင် ဇွန် ၁၁ ရက် ညနေ ၅ နာရီခန့်က ထောင်ဝင်စာလာတွေ့သူ အမျိုးသမီးတစ်ဦးထံမှ ထောင်ကျအကျဉ်းသားထံ ပေးပို့ပစ္စည်းများနှင့်အတူ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။



မြောင်းမြအကျဉ်းထောင်တွင် မူးယစ်ဆေးဝါးမှုဖြင့် ကျခံနေသော မြတ်လင်းစံအား ထောင်ဝင်စာတွေ့ရန်လာရောက်သည့် မညွန့်ညွန့်စန်း(ခ) မသဇင် ယူဆောင်လာသော ထောင်ဝင်စာပစ္စည်းများကို တာဝန်ကျ လက်ထောက်ကြီးကြပ်ရေးမှူး ဦးညီညီထက်နှင့်အဖွဲ့က ရှာဖွေစစ်ဆေးစဉ် ကြက်သွန်နီဥများအား မသင်္ကာဖွယ်တွေ့ရှိကြောင်း အကြောင်းကြားသဖြင့် မြောင်းမြရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်ကိုကိုလင်းနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးရာ ကြက်သွန်နီဥ ၂၄ လုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ အစိမ်းရောင် ၁၀ ပြား စုစုပေါင်း ဆေးပြား ၁၄၁၀ နှင့် အိုက်စ်ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ၂၄ ဂရမ်တို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မညွန့်ညွန့်စန်း (ခ)မသဇင်နှင့် အကျဉ်းကျနေသူ မြတ်လင်းစံ(ခ) မြတ်စံ(ခ) လင်းလင်းတို့အား မြောင်းမြမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဇွန် ၆ ရက်တွင် မှုခင်းပြခန်းယာဉ်ဖြင့် အခြေခံပညာအထက်တန်းကျောင်းခွဲ အလက (၆) လှိုင်မြို့နယ်သို့ မှုခင်း အသိပညာပေးခြင်းများ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်မင်းဦးနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆွေမြင့်တို့ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောဆွေးနွေးစဉ်။ **မီးမီး(လှိုင်)**

# ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၂**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် - CMRS ဖြင့် သတင်းပေးပို့ချက်အရ ဇွန် ၉ ရက်မှ ၁၀ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ငါးအိုးစရဖမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းကျေးရွာ (ကော့ကရိတ်) တံတားအနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား ၅ ဒသမ ၂၆၄ တန်၊ ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ငါးအိုးဘိနယ်အတွင်း ခြောက်ဘီးယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျွန်း၊ အင်ခွဲသား ၅ ဒသမ ၇၇၆၂ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေစခန်းမှ တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၁ သန်း)၊ ဇွန် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၅၆ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၅ သန်း) စုစုပေါင်း လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ ဒသမ ၇၁ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Gaia ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၁ ဒသမ ၃၂၀၂ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၅၆ သန်းကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းလျားကန်ပေါင်ရှိ မြက်ခင်းပြင်တွင် တွေ့ရှိရသောပစ္စည်းမှာ လက်ပစ်ဗုံးနှင့် သဏ္ဌာန်တူလုပ်ထားသောမီးခြစ်ဖြစ်

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အင်းလျားကန်ပေါင်ရှိ မြက်ခင်းပြင်တွင် လက်ပစ်ဗုံးတွေ့ရှိသည်ဟူသောသတင်းသည် လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လာသည့်အတွက် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပစ်ဗုံး ပုံသဏ္ဌာန်ပြုလုပ်ထားသည့်အရာတစ်ခုကို ယနေ့ မွန်းလွဲ ၁ နာရီခန့်တွင် အင်းလျားကန်ပေါင်ရှိ သန့်ရှင်းရေးဝန်ထမ်းများက မြက်ရိတ်သိမ်းနေစဉ် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်သို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။




"အင်းလျားကန်မှာရှိတဲ့ စည်ပင်သန့်ရှင်းရေးအဖွဲ့တွေကနေ မြက်ရိတ်ရင်း စတွေ့တာပါ။ ကျွန်တော်တို့ဆီ လှမ်းအကြောင်းကြားတယ်။ ကျွန်တော်တို့ကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ စစ်တိုင်းတွေကို အကြောင်းကြားပြီး GE တပ်ကို သတင်းပို့တယ်။ GE တပ်က လာစစ်ဆေးတယ်။ လာစစ်ဆေးတဲ့အခါမှာ လက်ပစ်ဗုံးမဟုတ်ဘဲ လက်ပစ်ဗုံးနဲ့ သဏ္ဌာန်တူလုပ်ထားတဲ့ မီးခြစ်ဖြစ်နေတာကို စစ်ဆေးတွေ့ရှိရတယ်"ဟု ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဟန်က ပြောသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများ ရောက်ရှိလာပြီး ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီကျော်တွင် ရှင်းလင်းပြီးစီးခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၆-၂၀၁၉ ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ-၁၄ တွင် ပါရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား (၂)ဦးထံမှ စိတ်ကြွဆေးပြား နှစ်သိန်းကျော် ဖမ်းဆီးရမိသတင်းစာသားအား ဘင်္ဂလားဒေ့ရှ်နိုင်ငံနေသူ (၂)ဦးထံမှ စိတ်ကြွဆေးပြား ၂၂၉၅၀၀ ဖမ်းဆီးရမိဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာတည်း**

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(စ) ကိုယ်စားပြုသူ ပေးဆောင်ရန်ရှိသည့် အခွန်ကိုပေးဆောင်ခြင်း မပြုရသေးမီ ယင်းကိုယ်စားပြုသူသည် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့လျှင် ယင်းအခွန်ကို ပေးဆောင်ရန် ကိုယ်တိုင် တာဝန်ရှိစေရမည်-

(၁) လက်ခံရရှိသည့် သို့မဟုတ် စုဆောင်းရရှိသည့် အခွန်ပေးဆောင်ရန် ငွေကြေးကို လွှဲပြောင်းခြင်း၊ ပေးချေခြင်း သို့မဟုတ် ကုန်ခန်းအောင် ဆောင်ရွက်ခြင်း သို့မဟုတ်

(၂) ယင်းကိုယ်စားပြုသူ၏ လက်ဝယ်တွင်ရှိနေသည့် သို့မဟုတ် အခွန်ပေးဆောင်ရမည့် အချိန်ကျရောက်ပြီးမှ ကိုယ်စားပြုသူထံရောက်ရှိလာသည့် အခွန်ထမ်းပိုင်ဆိုင်သည့် ငွေကြေး သို့မဟုတ် ရန်ပုံငွေမှအခွန်ကို တရားဝင် ပေးဆောင်နိုင်ခဲ့စေကာမူ ပေးဆောင်ခြင်းမရှိဘဲ ယင်းငွေကြေး သို့မဟုတ် ရန်ပုံငွေအား ကုန်ခန်းအောင် ဆောင်ရွက်ခြင်း။

(ဆ) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်စားပြုသူက ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် ယင်းပုဂ္ဂိုလ်ထမ်းဆောင်ရမည့် တာဝန်များမှ သက်သာခွင့် မရှိစေရ။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးတွင် ကိုယ်စားပြုသူနှစ်ဦး သို့မဟုတ် ယင်းထက်ပိုမိုထားရှိပါက ဤပုဒ်မပါ တာဝန်နှင့် ဝတ္တရားများသည် ကိုယ်စားပြုသူများတွင် ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငလည်း တာဝန်ရှိစေရမည်ဖြစ်ပြီး ယင်းတာဝန်များကို ကိုယ်စားပြုသူ တစ်ဦးဦးအား ထမ်းဆောင်စေနိုင်သည်။

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က အခြားနည်းအားဖြင့် ညွှန်ကြားခဲ့သည်မှအပ အောက်ဖော်ပြပါ ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းနှင့် အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းသည် တူညီ၍ တစ်ခုတည်းဖြစ်သည်ဟု မှတ်ယူရမည်-

(၁) အစုဝင် သို့မဟုတ် အဖွဲ့ဝင်အားလုံးမဟုတ်သော်လည်း တစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးတစ်ယောက်ထက်ပို၍ အနားယူခြင်း သို့မဟုတ် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ အစုဝင်အသစ် သို့မဟုတ် အဖွဲ့ဝင်အသစ် ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားတရားဝင် ဖွဲ့စည်းထားခြင်းမရှိသည့် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည်မှု မရှိတော့ခြင်း၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှအပ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းအသစ်တစ်ခုကို ကျန်ရှိသည့်အဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ ကျန်ရှိသည့် အဖွဲ့ဝင်များနှင့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် အဖွဲ့ဝင်အသစ်များဖြင့်ဖြစ်စေ ဖွဲ့စည်းခြင်း၊

(၃) ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကို အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းက ဆက်လက်ဆောင်ရွက်လျက်ရှိခြင်း။

(ည) အခွန်ထမ်းသေဆုံးပြီးနောက်တွင် ဖြစ်စေ၊ အခွန်ထမ်း၏ ပိုင်ဆိုင်မှုကို ကြွေးမြီဖြင့် သိမ်းဆည်းခံရပြီးနောက်တွင်ဖြစ်စေ ယင်းပိုင်ဆိုင်မှုကို စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ယင်းကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ဦးဖြင့်သော်လည်းကောင်း အခွန်စည်းကြပ်ထိုက်သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျှင် သို့မဟုတ် အခွန်စည်းကြပ်ထိုက်သည့်လုပ်ငန်းကို ရပ်စဲရေးအတွက် ဆောင်ရွက်လျှင် အခွန်ထမ်း၏ ပိုင်ဆိုင်မှုကို ကိုယ်စားပြုဆောင်ရွက်သည့် စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ဤဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ယင်းအခွန်စည်းကြပ်ထိုက်သည့် လုပ်ငန်းအတွက် အခွန်ထမ်းအဖြစ် မှတ်ယူရမည်။

(ဋ) အပေါင်ခံသူတစ်ဦးသည် ပေါင်နှံသူအခွန်ထမ်းတစ်ဦးထံမှ အပေါင်ပစ္စည်းအဖြစ် သတ်မှတ်ထားသည့် မြေယာ သို့မဟုတ် အခြားပစ္စည်းကို လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ယင်းမြေယာ သို့မဟုတ် အခြားပစ္စည်းကိုအသုံးပြု၍ အခွန်ကျသင့်သည့်လုပ်ငန်းဆောင်ရွက်မှုရှိပါက ယင်းမြေယာ သို့မဟုတ် ပစ္စည်းကိုလက်ဝယ်ထားရှိသည့်ကာလအတွင်း အခွန်ကျသင့်သည့် လုပ်ငန်းဆောင်ရွက်မှု ပြုလုပ်နေသော အခွန်ထမ်းအဖြစ် မှတ်ယူရမည်။

(ဌ) ဤဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ခုထက်ပိုသော ကိစ္စရပ်များအတွက် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ပါက ယင်းသို့ ယုံမှတ်အပ်နှံမှုတစ်ခုချင်းစီအတွက် သီးခြားပုဂ္ဂိုလ်အဖြစ် မှတ်ယူဆောင်ရွက်ရမည်။

**ကုမ္ပဏီဖျက်သိမ်းပြီးနောက် အခွန်ပေးဆောင်ရမည့်တာဝန်**

၄၂။ (က) ဤပုဒ်မသည် ပင်ရင်းမှနုတ်ယူ၍ ပေးဆောင်ရမည့် အခွန်ဆိုင်ရာတာဝန်များအပါအဝင် ပေးဆောင်ရမည့်အခွန်များကို ပေးဆောင်ခြင်းမရှိဘဲ ဖျက်သိမ်းသွားသည့် ကုမ္ပဏီများနှင့် သက်ဆိုင်သည်။

(ခ) ကုမ္ပဏီဖျက်သိမ်းချိန်တွင် အစုရှယ်ယာရှင်ဖြစ်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးသည် ပေးဆောင်ရခြင်း မရှိသေးသည့်အခွန်ကို ကုမ္ပဏီဖျက်သိမ်းချိန်မတိုင်မီ တစ်နှစ်အတွင်း အစုရှယ်ယာရှင် အနေဖြင့် ကုမ္ပဏီမှ ခွဲဝေရရှိသည့် ငွေကြေး သို့မဟုတ် ပစ္စည်းပမာဏအထိ ပေးဆောင်ရန် ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငလည်း တာဝန်ရှိစေရမည်။

(ဂ) ဤပုဒ်မတွင်ဖော်ပြထားသည့် ကုမ္ပဏီ၏ ပေးဆောင်ရမည့် အခွန်သည် ကုမ္ပဏီဖျက်သိမ်းချိန်တွင်ရှိသည့် အစုရှယ်ယာပိုင်ရှင်များနှင့် ကွဲပြားသည့် အစုရှယ်ယာပိုင်ရှင်များ၏ ပိုင်ဆိုင်မှုအောက်ရှိ အချိန်ကာလအတွင်း ပေးဆောင်ရမည့် အခွန်ဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ကုမ္ပဏီကပေးဆောင်ရမည့် အခွန်ကို အခွန်ပေးဆောင်ရမည့်အချိန်ကာလအတွင်း ကုမ္ပဏီ၏အစုရှယ်ယာရှင်ဖြစ်ခဲ့သူထံမှ ကောက်ခံနိုင်သည်။

(ဃ) ဤပုဒ်မအရ ကုမ္ပဏီတစ်ခုအတွက် အခွန်ပေးဆောင်ရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီက ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို ဦးစီးဌာနထံမှ တောင်းခံနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(၁) မိမိဌာန၊ အဖွဲ့အစည်း၌ ၁၀ နှစ်အထိ ထားရှိပြီးသည့် မှတ်တမ်းများအနက် မှတ်တမ်းစိစစ်ခွဲခြားခြင်း ဇယားပါ သတ်မှတ်ချက်အတိုင်း ဆက်လက်ထိန်းသိမ်းရန် လိုအပ်မည့် မှတ်တမ်းများကို ဖျက်ဆီးခြင်းမပြုဘဲ ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်၊

(၂) မိမိဌာန၊ အဖွဲ့အစည်း၌ ထားရှိမှု ၁၀ နှစ် မပြည့်သေးသည့် မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုပါက လွှဲပြောင်းပေးရန်၊

(၃) အီလက်ထရောနစ် နည်းပညာဖြင့် ဖန်တီးထားသော မှတ်တမ်းများကို အသုံးပြုခြင်းမရှိတော့ပါက ဦးစီးဌာနသို့ ဆောလျင်စွာ လွှဲပြောင်းပေးရန်၊

(၄) မိမိဌာန၊ အဖွဲ့အစည်းတွင် ထားရှိမှု ၁၀ နှစ် ပြည့်ပြီးသော်လည်း ဆက်လက်သုံးစွဲနေသည့် မှတ်တမ်းများအနက် ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနက စစ်ဆေးညွှန်ကြားသည့်အတိုင်း ထိန်းသိမ်းထားရှိပြီး အသုံးပြုခြင်းမရှိတော့ပါက ယင်းမှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်၊

(၅) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ချုပ်ဆိုသည့် စာချုပ်စာတမ်း၊ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာစသည့်တို့ကို လက်မှတ်ရေးထိုးပြီးသည့် နေ့ရက်မှ ၁ လအတွင်း မူရင်း သို့မဟုတ် မိတ္တူတစ်စုံအား ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်၊ အကယ်၍ မိတ္တူအားလွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါက စာချုပ်ပါလုပ်ငန်းများ ပြီးဆုံးသည့် အချိန်တွင် မူရင်းကို လွှဲပြောင်းပေးရန်၊

(၆) နိုင်ငံတော်အဆင့် အခမ်းအနားများ၊ နိုင်ငံပိုင်သတင်းဌာန၏ နေ့စဉ်သတင်းထုတ်ပြန်မှု ရုပ်သံမှတ်တမ်းများ၊ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်စာတမ်းများ၊ ပြန်တမ်းများ၊ သတင်းစာများ အနည်းဆုံးသုံးစုံစီကို ထုတ်ဝေသည့် နေ့ရက်မှ သုံးလအတွင်း သတ်မှတ်ချက်များနှင့်အညီ မှတ်တမ်းတင်ထိန်းသိမ်းထားရှိရန် ဦးစီးဌာနသို့ပေးပို့ရန်၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) (၄) အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနသို့ မိတ္တူပေးပို့ရမည်။ မူရင်းမှတ်တမ်းအား ဦးစီးဌာနသို့ လွှဲပြောင်းမှုမရှိပါက ဤဥပဒေအရ သက်သေခံအထောက်အထား မဖြစ်လျှင် ဦးစီးဌာန၌ တာဝန်မရှိကြောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သဘောတူလက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ပုဒ်မ ၉ အရ မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးသည့်အခါ ယင်းမှတ်တမ်းများ၏ လုံခြုံမှုအဆင့် လျှော့ချရန် ရှိ၊ မရှိ ပြန်လည်စိစစ်ပြီး အောက်ပါအတိုင်း ခွဲခြားသတ်မှတ်၍ ပေးပို့ရမည်-

(က) ထိပ်တန်းလျှို့ဝှက်အဆင့်မှတ်တမ်းများ၊

(ခ) လျှို့ဝှက်အဆင့်မှတ်တမ်းများ၊

(ဂ) အတွင်းရေးအဆင့်မှတ်တမ်းများ၊

(ဃ) ကန့်သတ်အဆင့်မှတ်တမ်းများ။

၁၁။ မော်ကွန်းများ၏ လုံခြုံမှုအဆင့်သက်တမ်းသည် သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် နေ့ရက်မှစ၍ အောက်ပါအတိုင်းဖြစ်သည်-

(က) ထိပ်တန်းလျှို့ဝှက်အဆင့် မော်ကွန်းဖြစ်လျှင် နှစ်ပေါင်း ၃၀၊

(ခ) လျှို့ဝှက်အဆင့် မော်ကွန်းဖြစ်လျှင် ၂၅ နှစ်၊

(ဂ) အတွင်းရေးအဆင့် မော်ကွန်းဖြစ်လျှင် နှစ်ပေါင်း ၂၀၊

(ဃ) ကန့်သတ်အဆင့် မော်ကွန်းဖြစ်လျှင် ၅ နှစ်။

**အခန်း (၇)**

**မှတ်တမ်းနှင့်မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များ**

၁၂။ မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဦးစီးဌာနသည် မှတ်တမ်းနှင့် မော်ကွန်းများ၏ လုံခြုံမှုသက်တမ်း သတ်မှတ်ချက် ကုန်ဆုံးသော်လည်း လိုအပ်ပါက ဖတ်ရှုကိုးကားခွင့်မပြုဘဲ ထားနိုင်သည်။

(ခ) ဦးစီးဌာနတွင်ရှိသော မှတ်တမ်းနှင့်မော်ကွန်းများအား ရည်ညွှန်းကိုးကားရေးအတွက် မိတ္တူကူးယူခြင်း၊ ကောက်နုတ်ချက် ထုတ်နုတ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုရန် သတ်မှတ်ထားသည့်ပုံစံဖြင့် လျှောက်ထားလာလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်း၏ကိုယ်စား တာဝန်ခံအရာရှိသည် ဤဥပဒေအရ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။

၁၃။ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် မှတ်တမ်းနှင့်မော်ကွန်းများကို ဖတ်ရှုလေ့လာရန်၊ သုတေသနပြုလုပ်ရန် သို့မဟုတ် အကိုးအကားပြုလုပ်ရန် ဌာနဆိုင်ရာ သုတေသီများက တောင်းခံပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအကြီးအကဲ၏ ထောက်ခံစာပါရှိလျှင် ညွှန်ကြားရေးမှူးချုပ်သည် ထိုသူအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၄။ မည်သူမဆို ဦးစီးဌာနရှိ မှတ်တမ်းနှင့် မော်ကွန်းများကို အောက်ပါအချက်များနှင့် ညီညွတ်လျှင် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် မိတ္တူကူးယူခြင်း အသုံးပြုနိုင်သည်-

(က) ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ရရှိပြီး ဖြစ်ရမည်၊

(ခ) သတ်မှတ်ထားသော ကျသင့်သည့် အခကြေးငွေများကို ပေးဆောင်ပြီး ဖြစ်ရမည်၊

(ဂ) ပုံနှိပ်ထုတ်ဝေခြင်းအတွက် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဟု ကတိခံဝန်ချက်ပါရှိရမည်။

၁၅။ ဦးစီးဌာနတွင်ရှိသော မှတ်တမ်းမော်ကွန်းများကို တရားရုံးများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် သက်သေခံအထောက်အထားအဖြစ် အသုံးပြုပါက ယင်းအထောက်အထားများသည် မိတ္တူမှန်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၏လက်မှတ်၊ ရုံးတံဆိပ်အထောက်အထားများ သို့မဟုတ် ယင်း၏ကိုယ်စား တာဝန်ခံအရာရှိ၏ လက်မှတ်၊ အမည်၊ ရာထူးနှင့် ရုံးတံဆိပ်များပါရှိရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ် လားရှိုးခရိုင်အတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ




**လားရှိုး ဇွန် ၁၂**
ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက လားရှိုးခရိုင်အတွင်းရှိ စာရင်းစစ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကောင်းမွန်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရေး၊ အကောင်းမြင်ဝါဒကိုအခြေပြုလုပ်ကိုင်နိုင်ရေးတို့ မှာကြားသည်။

အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများ၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လားရှိုးခရိုင်စာရင်းစစ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ပြုံးယဉ်က လားရှိုးခရိုင်အတွင်းရှိ စာရင်းစစ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို မြို့နယ်အလိုက် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုစစ်ရင်းစစ်ချုပ်သည် ဇွန် ၁၁ ရက်က ကျောက်မဲခရိုင်အတွင်းရှိ စာရင်းစစ်ရုံးများအား ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

# မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်



**တာချီလိတ် ဇွန် ၁၂**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့အကြားရှိ မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် မယ်ဆိုင်မြို့မှ တာဝန်ရှိသူများ ညှိနှိုင်းသဘောတူညီချက်ဖြင့် ဇွန် ၁၀ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဘက်က စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါချောင်းရေကို ထိုင်းနိုင်ငံဘက်ရှိ လယ်သမားများက စိုက်ပျိုးရေးအတွက် ရေသွယ်ယူခဲ့ခြင်းကြောင့် ရေစီးရေလာကောင်းမွန်ခြင်းမရှိတော့ဘဲ ပြီးခဲ့သည့် နွေရာသီကာလတွင် ရေခန်းခြောက်မှုဖြစ်ပေါ်ခဲ့သဖြင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ရေစီးရေလာကောင်းမွန်လာစေရေး မေ ၂၉၊ ၃၀၊ ၃၁ ရက်တို့တွင် ပထမအကြိမ်အဖြစ် အရှည်ပေ ၇၀၀ ခန့် တူးဖော်နိုင်ခဲ့ကြောင်း၊ ယခုအခါ ဒုတိယအကြိမ် ဆက်လက်တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၂**
ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီးစစ်ဆေးရေးမှူး ဦးထိန်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ခရိုင်စစ်ဆေးရေးမှူး ဦးမျိုးမင်းထွန်းက အလုပ်လုပ်သော ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက CRC နှင့် ကလေးသူငယ်ဥပဒေဆိုင်ရာများ၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲ (မန္တလေး) မှ ရဲအုပ် သိန်းဇော်က ကလေးအလုပ်သမားဆိုင်ရာ သိကောင်းစရာများ၊ World Vision Myanmar မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးတာဝန်ခံ ဒေါ်နော်မာသောက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကလေးအလုပ်သမား ၂၃၇၇ ဦးရှိကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး စာရင်းများအရ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သော ဂျပန်စစ်သည်များ၏ ရုပ်ကြွင်းများသိမ်းဆည်းမှုအကြောင်း သတင်းမှတ်တမ်းရိုက်ကူး

**မိုးညှင်း ဇွန် ၁၂**
ဂျပန်နိုင်ငံ NHK သတင်းဌာနမှ ရိုက်ကူးရေးအဖွဲ့သည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သော ဂျပန်စစ်သည်များ၏ ရုပ်ကြွင်းများအား ရှာဖွေသိမ်းဆည်းမှုပြုလုပ်နေသည့် ဂျပန်နိုင်ငံသား Mr. Imoto ၏ အကြောင်းကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကာဒူကျေးရွာတွင် ယနေ့ နံနက်ပိုင်းက ရုပ်သံမှတ်တမ်း ရိုက်ကူးသည်။

ထိုသို့ရိုက်ကူးရာတွင် အင်္ဂလိပ်နှင့်ဂျပန်တပ်များ တိုက်ပွဲဖြစ်ခဲ့သည့်နေရာများနှင့် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်များ တပ်စွဲခဲ့သည့်နေရာကို မိုးညှင်းမြို့နယ် ကာဒူကျေးရွာမှ အသက် ၈၉ နှစ်အရွယ်ရှိ ဦးကျော်စိန်က Mr. Imoto အား လိုက်လံပြသ ရှင်းလင်းခြင်းကို ရိုက်ကူးခဲ့သည်။ ဂျပန်နိုင်ငံသား Mr. Imoto သည် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ ရုပ်ကြွင်းများကို လွန်ခဲ့သော ၇ နှစ်ခန့်မှစ၍ မြန်မာနိုင်ငံသို့ လာရောက်ရှာဖွေနေသူဖြစ်သည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့တွင် ဂျပန်နိုင်ငံသား သုံးဦးပါဝင်ပြီး ဇွန် ၄ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သို့ သွားရောက်၍ ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သော ဂျပန်စစ်သည်များ၏ ရုပ်ကြွင်းများသိမ်းဆည်းမှုအကြောင်းကို လာရောက်ရိုက်ကူးခြင်းဖြစ်ကာ အဆိုပါ ရုပ်သံမှတ်တမ်းအား ဂျပန်နိုင်ငံ Khushu ကျွန်းရှိ ရုပ်သံလိုင်းတွင် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## တိုတိုထွာထွာဖတ်စရာ

### ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကျင်းပ

**စစ်တွေ**
ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်တွေခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းသူက ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကိုပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ယမင်းစံက ကလေးအလုပ်သမားနှင့်ပတ်သက်ပြီး ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

**ပဲခူး**
ပဲခူးမြို့ ဥဿာမြို့သစ် (၆)ရပ်ကွက် သမိန်ဗရမ်းလမ်းရှိ ပဲခူးတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးတွင် ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး စစ်ဆေးရေးမှူး ဒေါ်ခင်မာသက်က တည်ဆဲအလုပ်သမားဥပဒေများနှင့် ကလေးအလုပ်သမား ကာကွယ်စောင့်ရှောက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်လျက်ရှိသည့် ကလေးအလုပ်သမားများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြကြောင်း သိရသည်။ **ဌေးနိုင်(ပဲခူး)**

### သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

**မိုင်းဖြတ်**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ဇွန် ၁၁ ရက် နံနက် ၉ နာရီက ပူးပေါင်းအဖွဲ့က ဈေးတန်းရပ်ကွက်နှင့် ဝမ်မိုင်ရပ်ကွက်တွင် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဝမ်လုံးအုပ်စု နားမွန်းကျေးရွာနှင့် နာလီးကျေးရွာတို့တွင်လည်း ကျန်းမာရေးဝန်းထမ်းများက ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဘိန်းအစားထိုးသီးနှံမျိုးစေ့ပေးအပ်ပွဲ ကျင်းပ

**ပင်လောင်း**
ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် သီးနှံမျိုးစေ့ပေးအပ်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီဌေး၊ မူးယစ်တပ်ဖွဲ့စု (၂၆) မှ ရဲအုပ်ကိုကိုနိုင်တို့က ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နိုင်က တောင်သူများအား ဘိန်းအစားထိုး မျိုးစေ့များ၊ ပျိုးပင်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ထောပတ်ပျိုးပင် ၂၀၀၀ နှင့် GW1 မျိုးစပါး ၄၉၈ ကီလိုကို ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခွန်အာကာစိုး**

# ရောဝတီ-ဟင်္သာတတာ အမှတ် (၁၃) ရေကင်းစခန်းအနီး၌ ရေဘေးကာကွယ်ရေးသရုပ်ပြ



**ဟင်္သာတ ဇွန် ၁၂**

ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက စစ်ကုန်းကျေးရွာအုပ်စုရှိ ရောဝတီ-ဟင်္သာတတာ အမှတ် (၁၃) ရေကင်းစခန်းအနီးတွင် ကျင်းပသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖုန်းခိုင်ဇော်က ရေဘေးကာကွယ်ရန် နည်းလမ်းများဖြစ်သည့် မြေသား (သို့မဟုတ်) သဲအိတ်ကန်သင်းဆင့်ခြင်း၊ တာခြေကန်ခြင်း၊ ရေခွေခွေခြင်း စသည့် အရေးပေါ်ကာကွယ်ရေးနည်းလမ်းများကို လက်တွေ့ပြသသည်။

ဟင်္သာတမြို့နယ်တွင် တာမိုင် ၄၇ မိုင် ၅ ဖာလုံရှိသည့် ရောဝတီ-ဟင်္သာတတာနှင့် ဦးမိုးလေးဖြတ်တာ၊ ကမ်းနားတာ၊ ဖြတ်တာ(၁)၊ ဖြတ်တာ(၂) နှင့် ဖြတ်တာ(၃) စုစုပေါင်းတာတမံခြောက်ခုရှိပြီး ရေကင်းတဲ ၁၄ ခုတွင် မြစ်ရေကြီးနေစဉ်ကာလတွင် နေ့ညမပြတ် တာဝန်ပေးချထားလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာတမံတောင့်တင်းကြံ့ခိုင်စေရန်နှင့် မြေတွင်းခိုအောင်းနိုင်သည့် ခြ၊ ကြွက်စသည့် တိရစ္ဆာန်များ မခိုအောင်းနိုင်စေရန်အတွက် တာတမံအနီးနေ ဒေသခံပြည်သူများအနေဖြင့် တာတမံ၏ဘေးဝဲယာတို့တွင် အမှိုက်များမစွန့်ပစ်ကြရန် တားမြစ်အသိပေးဆိုင်းဘုတ်များ စိုက်ထူထားကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# မြရည်နန္ဒာအိမ်ရာတိုက်ခန်းများ နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများအား ရောင်းချမည်

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ အာရ်စီ လေးခန်းတွဲ ခြောက်ထပ်အဆောက်အအုံ ၁၉ လုံး၊ အိမ်ခန်းတစ်ခန်းလျှင် ၆၆၁ စတုရန်းပေရှိ အခန်းပေါင်း ၄၅၆ ခန်းနှင့် ယခင်ရောင်းချခဲ့ပြီးသော တိုက်ခန်းများမှ ပြန်လည်အပ်နှံသော အခန်းနှင့် တိုက်ခန်းပိုင်ရှင်များမှ မဆက်သွယ်သောအခန်းတို့ကို မန္တလေးခြောက်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော အရပ်ဘက် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား ရောင်းချပေးသွားမည်ဖြစ်သည်။

မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာဝယ်ယူလိုသူများအတွက် အိမ်ခန်းလျှောက်လွှာများကို ဇွန် ၁၇ ရက်မှ ၃၀ ရက်အတွင်း ရုံးပိတ်ရက်များအပါအဝင် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဇူလိုင် ၁ ရက်တွင် ပြန်လည်လက်ခံသွားမည်ဖြစ်သည်။

ဩဂုတ် ၂၆ ရက်က မဲနှိုက်ရောင်းချပေးခဲ့သော ပထမအသုတ်တွင် လျှောက်လွှာတင်သွင်းထားသူများမှ တိုက်ခန်းဝယ်ယူခွင့်မရရှိသူများသည် ထပ်မံလျှောက်လွှာတင်သွင်းရန်မလိုဘဲ ဆက်လက်ဝယ်ယူရန် ဆန္ဒရှိပါက ယခင်လျှောက်ထားခဲ့သော အထောက်အထားများနှင့်အတူ လျှောက်လွှာ ရောင်းချသည့်ရက်အတွင်း အဆိုပြုတင်ပြရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။

**မောင်ပြည်သူ(မန္တလေး)**



# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ပေး

**ရန်ကုန် ဇွန် ၁၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းကြိုင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါကိစ္စရပ်များနှင့် အကျိုးခံစားခွင့်များအကြောင်းပြောကြားပြီး အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား ၁၀ ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၅၃၅၆၂၀၀၀၊ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းသူ အကျိုးခံစားခွင့် အာမခံအလုပ်သမားတစ်ဦးအတွက် ငွေကျပ် ၄၃၃၀၉၇၂ ဒသမ ၈၀ နှင့် အာမခံအလုပ်သမားလေးဦးအတွက် ဆေးဖိုးကုန်ကျငွေ ၈၆၆၃၂၅၂ ကျပ် စုစုပေါင်းငွေ ၆၆၅၅၆၂၂၄ ဒသမ ၈၀ ကျပ် ခွင့်ပြုထုတ်ပေးခဲ့ပြီး အကျိုးခံစားခွင့်ရရှိသူများ၏ ကိုယ်စား ရွှေပြည်သာစက်မှုဇုန် (၂၊ ၃၊ ၄) စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးသန်းစိုးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ကြေးမုံ**

# မေထုန်မဲ့သားစပ်နည်းသင်တန်းဖွင့်

**ပွင့်ဖြူ ဇွန် ၁၂**

မွေးမြူရေးဆိုင်ရာ မေထုန်မဲ့သားစပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မွေးမြူရေးဆိုင်ရာ မေထုန်မဲ့သားစပ်နည်းသင်တန်းတွင် နွားမမျိုးပွားအင်္ဂါ၊ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒနည်းပညာများ၊ နွားထီးမျိုးပွားအင်္ဂါ စမ်းသပ်စစ်ဆေးခြင်းနှင့် မျိုးအောင်မြင်ဖြစ်ထွန်းမှု ရှိ၊ မရှိ ဆန်းစစ်နည်းများ၊ သားစပ်ခြင်းဆိုင်ရာနည်းလမ်းများ၊ မျိုးရည်ခဲချောင်းပြုလုပ်ပုံအဆင့်ဆင့်နှင့် မျိုးရည်ခဲချောင်းထုတ်လုပ်ခြင်းနည်းပညာများ၊ မေထုန်မဲ့သားစပ်နည်းလုပ်ငန်းသုံးပစ္စည်း စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းစနစ်များကို ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## တိုတိုထွာထွာဖတ်စရာ

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး

**မိတ္ထီလာ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက မိတ္ထီလာ အထက (၁) ပညာရတနာခန်းမ၌ ကျင်းပသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) မိတ္ထီလာမှ ဒုရဲမှူးဝင်းညွန့်က လူကုန်ကူးမှုအကြောင်းသိကောင်းစရာများ၊ ဒေါက်တာခင်မောင်မြင့်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက မူးယစ်ဆေးသုံးစွဲခြင်း ဆိုးကျိုးနှင့်အပြစ်များအကြောင်း အသိပညာပေးဟောပြောကြကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲက ဟိုစဲ့ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဌေးက မူးယစ်ဆေးဝါးအန္တရာယ်များ၊ အရက်သောက်သုံးခြင်းကြောင့် ဖြစ်တတ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က စာတတ်သူတိုင်း စာဖတ်ရေးနှင့် မိုးကြိုကာလတွင်ဖြစ်တတ်သော သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

**ကျိုင်းတုံ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ်၌ မူးယစ်ဆေးဝါး ပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

မြန်မာနိုင်ငံမူးယစ်ဆန့်ကျင်ရေးအသင်း (MANA) ရှမ်းပြည်နယ် (အရှေ့) မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းဆမ်တစ်နှင့် ဒုတိယရဲမှူးကြီး မောင်မောင်သွင်တို့က မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများကို ဟောပြောရာ ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်သည်။

**ခရိုင် (ပြန်/ဆက်)**

**နမ့်ဆန်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၌ (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက အထက(၁) ရွှေဇီဦးခန်းမ၌ ကျင်းပသည်။

မြို့ပေါ်ရှိ ကျောင်းများမှ အလယ်တန်းဆင့်၊ အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀ ခန့် လာရောက်ယှဉ်ပြိုင်ခဲ့သည်။

**နမ့်ဆန် (ပြန်/ဆက်)**

**ဗန်းမော်**

ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မံစီနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ဇော်ထွန်းအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့နယ် မံစီးကြီးကျေးရွာ အထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ (၂၂) ကြိမ်မြောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ဟောပြောပွဲပြုလုပ်ရာ ကျေးရွာနေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လေ့လာသူများ စုစုပေါင်းအင်အား ၂၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**



ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးဦး၏ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထိုက်သည် ဇွန် ၉ ရက်က ကျွန်းလှ မြို့မရဲစခန်း အစည်းအဝေးခန်းမ၌ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးအကြောင်း ဟောပြောခဲ့ရာ ရပ်ကွက်နေပြည်သူ ၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ပရိတ်ကြီး၊ လောကနီတိ၊ မင်္ဂလသုတ်၊ ဩဝါဒပါတိမောက်





စာရေးသူ အံ့မောင်တင်ပြသည့် လူတိုင်းအတွက် ဗမာလိုပရိတ်ကြီး၊ ဗမာလို လောကနီတိ၊ ဗမာလိုမင်္ဂလသုတ်၊ ဗမာလိုဩဝါဒပါတိမောက် စာအုပ် ထွက်ရှိလာသည်။

ပရိတ်နာပွဲများကျင်းပရာတွင် ပရိတ်ဟုသတ်မှတ်ထားသော သုတ္တန်ဒေသနာတော်များ မရွတ်ဖတ်မီ ရှေးဦးစွာ နတ်ပြဟ္မာတို့ကို တရားနာဖိတ်ကြားပြီး တရားနာလာကြသော နတ်ဗြဟ္မာတို့အနေဖြင့် ပရိတ်နာပွဲကျင်းပသူတို့ကို အကူအညီ အစောင့်အရှောက်များပေးရန် ဆန္ဒပြုကြရသည်။ ထိုနတ်ဗြဟ္မာတို့၏ ကူညီစောင့်ရှောက်မှုကြောင့် တရားပွဲကျင်းပသူတို့ ရရှိလာနိုင်သည့်အကျိုးတရားတို့ကို ပြဆိုကြရသည်။ ပရိတ်နာပွဲတိုင်း၏ ဤသို့သောအစီအစဉ်နှင့်ပတ်သက်၍ ရှေးရှေးဆရာတော်ကြီးများက ပါဠိဘာသာ ဂါထာစီကုံး၍ အသုံးပြုခဲ့ကြကို တင်ပြထားခြင်းဖြစ်သည်။

**စာအုပ်ကို - ယဉ်မျိုးစာပေ ဖုန်း-၀၉ ၇၃၂၀၁၅၈၆ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာမှုပဒေသာ သုတ၊ ရသ စာစကား အဆိုအမိန့်များ



စာပေချစ်မြတ်နိုးသူများ၊ စကားပြောကြွယ်ဝလိုသူများအတွက် မင်းရိုးယဉ် စုစည်းတင်ပြသည့် မြန်မာမှုပဒေသာ သုတ၊ ရသ စာစကားအဆိုအမိန့်များ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အဆိုအမိန့်များ၊ မြန်မာစကားပုံများ၊ ဆိုရိုးစကားများ၊ ဥပမာတင်စားချက်များ၊ ကြားဖူးသမျှစကားထာများ၊ ဝေါဟာရ၊ ပေါရာဏ စကားရပ်များကို စုစည်းတင်ပြထားသည်။ သုတ၊ ရသစကားစုများသည် စာရေးရာတွင်လည်းကောင်း၊ စကားပြောဆိုရာတွင်လည်းကောင်း အကျိုးပြုနိုင်စေရန် ဖော်ပြထားသည်။ အက္ခရာအလိုက် အဆိုအမိန့်ပေါင်း ၅၀၀ ကျော် ဖော်ပြထားသဖြင့် မြန်မာစာပေကို ချစ်မြတ်နိုးသူများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို အောင်မင်းကျော်စာပေ၊ အမှတ်-၆၃၁၊ ရွှေပြည်သာလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၃၅၀၃၀ မှ တန်ဖိုးငွေကျပ် ၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဒွိတ္တလူသား (လူ၏အသွင်နှစ်ရပ်ကို ဆင်ခြင်တွေးတောခြင်း)





စာရေးသူ ဒေါက်တာဦးသန်းထွန်း(ရွှေဘို) စီစဉ်ရေးသားသည့် ဒွိတ္တလူသား (လူ၏အသွင်နှစ်ရပ်ကို ဆင်ခြင်တွေးတောခြင်း) စာအုပ် ထွက်ရှိလာသည်။

လူသည် ကိုယ်ခန္ဓာကိုယ်နှင့်စိတ်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ ကိုယ်ခန္ဓာအတွက် အစာအာဟာရလိုအပ်သကဲ့သို့ စိတ်တွင်လည်း အလားတူ လိုအပ်မှုများရှိလေသည်။ ဓမ္မ၊ လောကထဲမှာ ဓမ္မရှာ၊ စိတ်ရောင်ပြန်၊ ပညာရေး၏ အနှစ်သာရ၊ စွန့်လွှတ်ခြင်း၏အလှ စသည်တို့သည် လူတို့၏ လက်တွေ့နေထိုင် ပြောဆိုစဉ်းစားမှုအပိုင်းကို ဆွေးနွေးခြင်းဖြစ်ပြီး ကျန်သည့်အပိုင်းများသည် လူသား၏ဒွိတ္တ(နှစ်ဖက်နှစ်ခွ)သဘောကို ဝေဖန်ထားခြင်းဖြစ်သည်။ အဆိုပါစာအုပ်သည် စိတ်၏တည်ငြိမ်အေးချမ်းမှုကို တစ်စုံတစ်ရာအထောက်အကူပြုစေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို - မိုးကျော်သူစာပေ၊ အမှတ်-၁၈၈၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉ ၃၁၂၈၆၅၁၈ နှင့် ၀၉ ၂၅၄၉၀၀၃၃၁ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မော်ဝင်သတင်းသမားများ နည်းနာခံယူရသည့်သတင်းစာပညာ




မီဒီယာလောကအတွက် တစ်စုံတစ်ရာအထောက်အကူဖြစ်စေရန် စာရေးသူ စိုးစိုးနိုင်(ကြေးမုံ)စီစဉ်ရေးသားသည့် မော်ဝင်သတင်းသမားများ နည်းနာခံယူရသည့် သတင်းစာပညာစာအုပ် ထွက်ရှိလာသည်။

ခေတ်အဆက်ဆက် သတင်းစာဆရာကြီးများ၏ သတင်းစာပညာရပ်များနှင့် သတင်းထောက်များ၏ လက်တွေ့သတင်းရှာဖွေစုဆောင်းခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်း၊ သတင်းထူး၊ သတင်းဦးအင်္ဂါရပ်၊ သတင်းဝေဖန်ပိုင်းခြားမှုစွမ်းရည်၊ တွေ့ဆုံမေးမြန်းခြင်း၊ တွေ့ဆုံမေးမြန်းသည့်အကြောင်းအရာ၊ သတင်းစာရေးထုံး၊ လိုက်နာရမည့် စာနယ်ဇင်းကျင့်ဝတ်နှင့် ဥပဒေများ၊ သတင်းသမားနှင့် ဥပဒေ စသည့် အကြောင်းအရာများကို ရေးသားထားသဖြင့် သတင်းနှင့်မကင်းသူတိုင်း ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းဆိုပါအံ့။

**စာအုပ်ကို မော်ဒန်အနုပညာထုတ်လုပ်ရေး၊ အမှတ်-၁၈၁၊ ၄-လွှာ(ယာ)၊ ၄၇-လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၁၂၃၂၅ နှင့် ၀၉ ၇၈၅၀၁၂၃၂၅ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

# အနုပညာ

## ဂျိုဂျင်းမိုရဲ့ မင်္ဂလာဓာတ်ပုံများ ထုတ်ဖော်ပြသ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂျိုဂျင်းမိုရဲ့ မင်္ဂလာပွဲဟာ အောင်မြင်စွာပြီးဆုံးခဲ့ပြီ ဖြစ်ကြောင်းနဲ့ မင်းသားရဲ့မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသပေးခဲ့ကြောင်း ဂျိုဂျင်းမိုရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁၂ ရက်မှာတော့ ဂျိုဂျင်းမိုရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဟာရီဘရားသားစ်ကိုရီးယားက မင်းသားရဲ့မင်္ဂလာပွဲ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း၊ မိသားစုတွေ၊ မိတ်ဆွေတွေနဲ့ ပရိသတ်တွေဆီက ဆုမွန်ကောင်းတွေကိုလည်း လက်ခံရရှိခဲ့ကြောင်း၊ ဒီမင်္ဂလာပွဲကို ဂုဏ်ပြုတဲ့အနေနဲ့ မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသပေးတာဖြစ်ကြောင်း ဖော်ပြခဲ့တယ်လို့ သိရပါတယ်။

လတ်တလော ထုတ်ဖော်ပြသခဲ့တဲ့ မင်္ဂလာဓာတ်ပုံတွေကိုတော့ ဆိုးလ်နဲ့ဂျယ်ဂျူကျွန်းပေါ်မှာ ရိုက်ကူးခဲ့တာဖြစ်ပြီး မင်္ဂလာပွဲမကျင်းပမီက ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံတွေဖြစ်တယ်လို့လည်း သိရပါတယ်။


ဂျိုဂျင်းမိုရဲ့ ဇနီးဖြစ်သူဟာ ဆရာဝန်တစ်ဦး ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဇွန် ၁ ရက်မှာ ဂျယ်ဂျူကျွန်းပေါ်မှာ မင်္ဂလာပွဲပြုလုပ်ခဲ့ကြတာပါ။ ဂျိုဂျင်းမိုရဲ့ဇနီးဖြစ်သူဟာ ဆိုးလ်တက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်ပြီး ဆရာဝန်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ဆေးပညာနဲ့သက်ဆိုင်တဲ့ ရုပ်သံအစီအစဉ်များစွာမှာ ပါဝင်ခဲ့သူတစ်ဦးလည်းဖြစ်ပြီး သူ့ရဲ့ရုပ်ရည်ချောမောမှုကြောင့်လည်း လူသိများသူတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။

## BTS ရဲ့တေးအယ်လ်ဘမ်သစ် အမေရိကန်မှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်လာ

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS’ ဟာ အဖွဲ့ရဲ့ ကျော်ကြားမှုတွေကို ဒေသတွင်းနဲ့ အာရှဒေသတွေမှာသာမက လက်ရှိမှာတော့ အမေရိကန်နိုင်ငံမှာပါ မျက်မြင်ပြသနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်ဟာ လက်ရှိမှာတော့ အမေရိကန်မှာ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးကနေ နေရာယူနေတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“ BTS ” ရဲ့တေးအယ်လ်ဘမ်သစ် “Map of the Soul: Persona ” ဟာ အမေရိကန်ရဲ့ကျော်ကြားတဲ့ တေးသံရှင်တွေရဲ့ တေးအယ်လ်ဘမ်တွေကို ကျော်ဖြတ်ကာ ၂၀၁၉ ခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ “ BTS ” ရဲ့အခြားသော တေးအယ်လ်ဘမ်ဖြစ်တဲ့ “DNA ” ဟာလည်း အဆိုပါစာရင်းမှာ နံပါတ်သုံးနေရာမှာ ရပ်တည်နေတာဖြစ်ပြီး ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ “Thank You, Next” တေးအယ်လ်ဘမ်ကတော့ နံပါတ်လေးနေရာမှာ ရပ်တည်နေတာဖြစ်တယ်လို့ သိရပါတယ်။

“ Map of the Soul: Persona ” တေးအယ်လ်ဘမ်ဟာ နယ်လှည့်ဖျော်ဖြေပွဲတွေ ကိုလည်း မပြုလုပ်ရသေးတဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် တေးအယ်လ်ဘမ်တစ်ခုလုံးဟာ တောင်ကိုရီးယားလို သီဆိုထားတဲ့ တေးသီချင်းတွေသာ ပါဝင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။






## TWICE ရဲ့တေးဗီဒီယိုများထုတ်လွှင့်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWICE”ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးဗီဒီယိုသစ်နှစ်ခုကို စတင်ထုတ်လွှင့်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာတော့ အဖွဲ့ရဲ့ ဂျပန်တေးသီချင်းတွေရဲ့တေးဗီဒီယိုနှစ်ခုကို ထုတ်လွှင့်ပြသခဲ့တာဖြစ်ပါတယ်။ ဒီတေးသီချင်းတွေကတော့ “Happy Happy” နဲ့ “Breakthrough” တို့ဖြစ်ကြပြီး အဖွဲ့ဝင်တွေရဲ့ပိုမိုရင့်ကျက်လာတဲ့ ပုံရိပ်တွေကို တေးဗီဒီယိုတွေမှာ တွေ့မြင်ကြရပါတယ်။ ဒ့ါအပြင် အနုပညာသက်တမ်းမှာ မတူညီတဲ့ တေးသီချင်းပုံစံတွေကို ဖန်တီးတဲ့အနေနဲ့ တေးသီချင်းပုံစံသစ်တွေပါဝင်နေတာကြောင့် ယခင်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေနဲ့ ခြားနားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**(သို့မဟုတ်)**၂၀၁၉ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၂)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ(၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၉ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၉ ခုနှစ်၊ ဇွန်လ(၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ သြဂုတ်လ(၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

